


# စာပေပုံရိပ်များ

မောင်မောင်လှုမြင့်

mgyoe.com

mgyoe.com



အချိန်ကာလဟူသည်
သက်ရှိသက်မဲ့ အရာအားလုံးတို့ကို
တိုက်စား ချေဖျက်မြဲ ဓမ္မတာ
မဟုတ်ပါလား

Today Book Store
1900.00Ks.
S01959
mgyoe.com

mgyoe.com

စာပေပုံရိပ်မှား။ မောင်မောင်လှမြင့်
တမျက်နှာ ၁၄၇ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၇၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ အောက်တိုဘာလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁ ၈ ၀ ၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■ ■ ■ ■ ■ ■ ■ ■ ■

# စာပေပုံရိပ်များ

## မောင်မောင်လှမြင့်

ပထမအကြိမ်၊ ၂၀၀၇

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## မာတိကာ


၁။ စာရေတော်ဝါ မကင်းရှာသည့် ဆရာကြီးသုံးဦး ၁
၂။ အလင်္ကာနှင့် ပထမ ၁၃
၃။ နွေးထွေးသော နေ့လယ်ခင်းများ ၂၁
၄။ အောင်ကျော် သို့မဟုတ် ၂၈
၅။ အမှတ်တရ ၄၁
၆။ အောင်မော် သို့မဟုတ် ၄၇
၇။ မျိုးဆက်တူ ရှေ့ကလူတစ်ဦး ၅၅
၈။ သူ့ကိုသာ လွမ်း ၆၂
၉။ ဆင်သက်တမျှ အသက်ရှည်ဦးမည့် ဆရာဆင် ၆၈
၁၀။ လှပရဲ့ရင့်စွာ ဘဝနိဂုံးချုပ်ခဲ့သည့် စာရေးဆရာ ၇၅
၁၁။ ခွင့်လွှတ်ပါလေဦး ဆရာ ၈၀
၁၂။ ကျောင်းသားအရွယ်က သူငယ်ချင်း ၈၈
၁၃။ အပြာမှသည် ၉၇
၁၄။ ကျွမ်းဝင်ရင်းနှီးခွင့်မရဘဲ ကျေးဇူးရှိခဲ့သည့် ဆရာ ၁၀၂
၁၅။ အထွေထွေပွတ္တိရှင်၏ တိမ်မြုပ်နေသော ပုံရိပ်တစ်ခု ၁၀၆


mgyoe.com

mgyoe.com


| | | |
|---|---|---|
| ၁၆။ | အလွန်စောစွာ ထွက်ခွာသွားသူ | ၁၁၃ |
| ၁၇။ | သူလိုလူ မိတ္တူ | ၁၁၂ |
| ၁၈။ | ကဗျာရေးသည့် ဆရာအောင်စိုး | ၁၃၀ |
| ၁၉။ | ဆရာမှုံရွာတင်ရွှေ | ၁၃၇ |
| ၂၀။ | သူလို သတင်းစာဆရာ | ၁၄၂ |


mgyoe.com

mgyoe.com

# စာေရတောဝါ မကင်းရှာသည့် ဆရာကြီးသုံးဦး

စာေရတောဝါဆိုသည်မှာ လူဆိုးဓားပြတို့၏ ဘေးဖြစ်ကြောင်း ဗုဒ္ဓဘာသာ မြန်မာလူမျိုးတိုင်း သိကြပြီးဖြစ်ပါသည်။ လူဆိုးဓားပြတို့၏ နှိပ်စက်ခြင်း သို့မဟုတ် သတ်ဖြတ်ခြင်းခံရသူအား စာေရတောဝါသင့်သည် ဟု ဆိုပါသည်။ မြန်မာစာပေ၌ နေလိုလလို ထင်ရှားသည့် စာရေး ဆရာကြီးသုံးဦးမှာ ဂျပန်အဝင်နှင့် ဂျပန်အထွက် တိုင်းပြည် မတည်ငြိမ် သက်စဉ်ကာလ၌ လူဆိုးဓားပြတို့နှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ကြရသည်။ ခေတ်စမ်းစာဆို သိပ္ပံမောင်ဝနှင့် ပုပ္ပားဦးကျော်ရင် (ပထမ လယ်တီ ဦးကောဝိဒ) တို့မှာ ယင်းတို့လက်ချက်ဖြင့် အသက်ပင်ဆုံးခဲ့သည်။ နောက် တစ်ဦး ဖြစ်သည့် အမျိုးသားပညာဝန် ဦးဖိုးကျား ကွယ်လွန်ခဲ့ရသည်မှာ လည်း ဓားပြလူဆိုးတို့၏ ပယောဂ မကင်းပါပေ။ ဆရာကြီးသုံးဦးအနက် အမျိုးသားပညာဝန် ဦးဖိုးကျားမှာ ပထမဦးဆုံး ကွယ်လွန်သူဖြစ်ပြီး ဒုတိယ ကွယ်လွန်သူမှာ သိပ္ပံမောင်ဝဖြစ်ပါသည်။ သူတို့နှစ်ဦးစလုံး ၁၉၄၂ ခုနှစ်၊ ဂျပန်အဝင်တွင် ကွယ်လွန်ကြခြင်း ဖြစ်ပါသည်။ ပုပ္ပား ဦးကျော်ရင်မှာမူ ဂျပန်များအထွက် ၁၉၄၆ ခုနှစ်တွင် ကွယ်လွန်ရခြင်း ဖြစ်သည်။

ပထမဦးစွာ အနေဖြင့် ဓားပြလူဆိုးတို့ သတ်ဖြတ်သဖြင့် သေဆုံး

mgyoe.com

mgyoe.com



အမျိုးသားပညာဝန် ဆရာကြီးဦးဖိုးကျား



ဦးစိန်တင် (သိပ္ပံမောင်ဝ)

ရသည့် သိပ္ပံမောင်ဝနှင့် ပုပ္ပားဦးကျော်ရင်တို့ အကြောင်းတင်ပြပါမည်။ သိပ္ပံမောင်ဝ ကွယ်လွန်ရပုံအကြောင်း၊ လူထုဦးလှ အစရှိသည့် မိတ်ဆွေစာရေးဆရာများမှ ရေးသားထားသည်များ ရှိပါသည်။ စာရေးသူအနေဖြင့် ကံအားလျော်စွာ တွေ့ရှိရသည့် ထိုစဉ်ကာလ မြန်မာ့အလင်း သတင်းစာမှ ပူပူနွေးနွေးဖော်ပြချက်ကို တင်ပြလိုပါသည်။

**ဦးစိန်တင်နှင့် ဦးဘသန်း ဓားပြလူဆိုးများ လက်ချက်ဖြင့် သေဆုံးကြရပုံ**
**(ကျွန်ုပ်တို့ အထူးသတင်းထောက်ထံမှ)**

အိုင်–စီ–အက် ဦးစိန်တင်နှင့် ကန့်ဗလူနယ်ပိုင်ဝန်ထောက်ဟောင်း ဦးဘသန်း (နှုတ်ခမ်းမွေး ဦးဘသန်းမဟုတ်) ၎င်း၏ဇနီးပါ ဓားပြများက သေနတ်ဖြင့် ပစ်သတ်သွားပြီးသည့်သတင်းကို ကျွန်ုပ်တို့ သတင်းစာတွင် ဖော်ပြခဲ့ပြီးဖြစ်ကြောင်း။

သတင်းအကျယ်မှာ ဦးစိန်တင်အား အိန္ဒိယသို့ခေါ်ရန် အထူး


mgyoe.com

mgyoe.com


မီးရထားဖြင့် ရွှေဘိုမြို့မှ မြစ်ကြီးနားသို့ ခေါ်ဆောင်သွားရာ မြစ်ကြီးနား မရောက်မီ ကန့်ဗလူဘူတာသို့ ရောက်သောအခါ ဦးစိန်တင် မိသားစု စီးလာသော ရထားတွဲကို ဖြတ်ထားခဲ့၍ ကန့်ဗလူတွင် သောင်တင် ကျန်ရစ်ခဲ့သည်ဆိုကြောင်း။

ကန့်ဗလူတွင် ဦးစိန်တင်နှင့် နယ်ပိုင်ဝန်ထောက်ဟောင်း ဦးဘသန်းတို့ တွေ့ကြ၍ နေရေးထိုင်ရေးတို့ကို တိုင်ပင်ကြပြီး အခြား သစ်တောအရာရှိများနှင့် ပူးပေါင်းလျက် ကန့်ဗလူအရှေ့ ၁၀ မိုင်ကွာ၊ ဂါးဒါး ဆယ်ကြီးရွာ ဘိုတဲ၌ နေထိုင်ကြသည်ဆိုကြောင်း။

ထိုသို့ နေထိုင်ရာတွင် ဓားပြတိုက်မည်ဆိုသော သတင်းကို သန့်သန့်ကြားသိရှိရသဖြင့် ဦးစိန်တင်တို့ လူစုမှာ နောက်တစ်နေ့တွင် ကန့်ဗလူသို့ ပြောင်းရွှေ့နေထိုင်ရန် စီမံကြသေးသည်ဆိုကြောင်း။ ဇွန်လ ၆ ရက်နေ့ ၅ နာရီအချိန် လောက်တွင် ဓားပြလူဆိုကြီးငဖျော်၏ တပည့်ကြီး သက်ထွန်းနှင့် လူပေါင်း ၁၀၀ ကျော်ခန့်တို့မှာ သေနတ်များဖြင့် ဘိုတဲကို ပစ်သည်ဆိုကြောင်း။ ထိုသို့ သေနတ်သံကြားသဖြင့် နယ်ပိုင်ဝန်ထောက်ဟောင်း ဦးဘသန်း၏ဇနီးမှာလန့်ပြီး ထလိုက်ရာ သေနတ်မှန်ပြီး ၎င်းနေရာမှာ ပွဲချင်းပြီးသေဆုံးသွားကြောင်း။



အမျိုးသားပညာဝန် ဆရာကြီးဦးပိုးကျား ကွယ်လွန်ခဲ့ရာ ဦးပိန်လမ်းမှ နေအိမ် (ထန်းတပင်မြို့)

mgyoe.com

mgyoe.com

ဦးစိန်တင်တို့ လူတစ်စုမှာ မိမိတို့အား ဓားပြတိုက်ကြောင်းကို သိသည်နှင့် အော်ပြောပြီး သေနတ်များကို ဘိုတဲလက်ရမ်းမှ လူဆိုးများ မြင်အောင် ပစ်ချကြကြောင်း။ ဦးစိန်တင်တို့ လူတစ်စုနှင့် သစ်တောဘက် ဌာနတွင်လုပ်သော အရာရှိဦးခန့်တို့အား တရားဘက်နှင့် သစ်တောဘက် ကို ခွဲခြားပြီး လူစီတန်းရပ်ခိုင်းပြီးနောက်၊ ဦးစိန်တင်နှင့် ဦးဘသန်းတို့အား ဘိုတဲအပြင်ဘက်သို့ ပြေးခိုင်းပြီး ဦးဘသန်းအား နောက်မှနေပြီး လူဆိုး တစ်ယောက်က သေနတ်ဖြင့်ပစ်ကြောင်း။ ဦးစိန်တင်မှာလည်း သားကလေး ကို လက်ဆွဲလျက်ပြေးရာ ဘိုတဲအပြင်ဘက်ကျမှ ၎င်း၏ ဇနီးအော်သံကို ကြားသဖြင့်ဘိုတဲအတွင်းသို့ ပြန်ဝင်လာရာ လူဆိုးတစ်ယောက်က သေနတ် ဖြင့် ပစ်လိုက်သဖြင့် ဦးစိန်တင်မှာလည်း သေနတ်ဒဏ်ရာဖြင့် သေဆုံး သွားကြောင်း။ ဓားပြခေါင်းဆောင်ကလည်း အရေးပိုင်ကိုမပစ်ရန် အော်ပြော ငြားသော်လည်း ဓားပြတစ်ယောက်၏ သေနတ်လက်ချက်က ဦးသွား ကြောင်း။

ဤသည်မှာ ၈-၇-၄၂ နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ဖော်ပြပါရှိခဲ့သည့် ခေတ်စမ်းစာဆိုသိပ္ပံမောင်ဝ ကွယ်လွန်ပုံအကြောင်း ဖြစ်ပါသည်။ ဓားပြများက ရွှေငွေလက်ဝတ်လက်စားနှင့် ပစ္စည်းများ ၃ သိန်း ကျော်ဖိုး လှည်း ၂၀ စီးဖြင့် သယ်ယူသွားကြပုံအကြောင်းနှင့် သတင်း ကြားသူမိတ်ဆွေများ လာရောက်ကူညီသည့် အကြောင်းများ ကိုလည်း သတင်းတွင် ဖော်ပြထားပါသည်။

× × ×

သိပ္ပံမောင်ဝနောက် ပုပ္ပားဦးကျော်ရင် (ပထမကျော် လယ်တီဦး ကောဝိဒ) ကွယ်လွန်ရပုံအကြောင်း ဆက်လက်တင်ပြပါမည်။ ဂျပန် အဝင်တွင် မုံရွာတစ်မြို့လုံး ဗုံးဒဏ်သင့်ရာ လယ်တီကျောင်းတိုက်ကြီး အပါအဝင် ကျောင်းတိုက်ပေါင်း ကိုးဆယ်ကျော် ပျက်စီးဆုံးရှုံးသွားခဲ့သည်။ လယ်တီ ဦးကောဝိဒသည် မီးထဲမှ ဆွဲယူရရှိနိုင်သမျှ စာအုပ်၊ စာတမ်း၊ ပေ၊ ပုရပိုက်များကို စုဆောင်းသိမ်းဆည်း၍ လှေတစ်စင်းဖြင့် ထွက်ခွာ လာခဲ့သည်။ ဇာတိချက်ကြွေ ပုပ္ပားနယ်မြေသို့ပြန်၍ တည်ပင်ရွာအနီး

mgyoe.com

mgyoe.com
ရသေ့တောင်ခေါ် တောရတစ်ခုတွင် စံကျောင်းကလေးဆောက်၍ ဧကစာ သီတင်းသုံးသည်။ ထိုသို့ သီတင်းသုံးရင်း မိမိနည်းတူ ဇာတိရွာ၌ ပြန်လည် နေထိုင်လျက်ရှိသော ဒဂုန်ဦးစန်းငွေ၏ ခမ္မာရုံတွင် မကြာမကြာ ကြွရောက် တရားဟောသည်။

ထိုအချိန်တွင် တည်ပင်တဲရွာနှင့် မလှမ်းမကမ်း ပေတစ်ရာလမ်းမကြီး ပေါ်တွင်ပင် တည်ရှိသော ကျောက်ပုံတဲစုဟူသည့် ဈေးဆိုင်တန်း ကလေး၌ ဓားပြကျော်ရင်သည် ထမင်းဆိုင်ဖွင့်နေသည်။ အချိန်အခါအရ ခပ်ကုပ်ကုပ် နေကာ ဒဂုန်ဦးစန်းငွေအားလည်း ခင်မင်လေးစားသည်။ သူ့ဆိုင် ရောက် သည့်အခါတိုင်း လက်ဖက်ရည် သို့မဟုတ် ထမင်းတစ်ခုခု တိုက်လိုက် ကျွေးလိုက်ရမှ ကျေနပ်သည်။

သို့ရာတွင် ဂျပန်ပြေး၍ အင်္ဂလိပ်ပြန်အဝင်၌ ဂျပန်တက်လာခါစ လိုပင် ရပ်ရွာအုပ်ချုပ်ရေးများ ပျက်ပြားကာ ဓားပြလူဆိုးများ စခန်း ထလာ ပြန်သည်။ နယ်အတွင်း သောင်းကျန်းလိုက်သည့် ဓားပြလူဆိုး ဆိုသည်မှာ ညည ကိုယ့်ခေါင်းကိုယ် သုံးကြိမ်သုံးခါ စမ်းကြည့်ရသည် ဆိုသကဲ့သို့ ဖြစ်သည်။ ထကြွသော ဓားပြများတွင် ကျော်ရင်၏ အမည်မှာ ထိပ်ဆုံးမှ ဟိန်းထွက်နေသည်။ ကျော်ရင်သည် မူလဖွင့်ထားသော ထမင်းဆိုင်၌ မနေ တော့ဘဲ ကိုယ်ယောင်ဖျောက်ကာ ညအချိန်တွင် သူ့လုပ်ငန်းကို လုပ်သည်။ ဓားပြများ ထကြွခြင်းနှင့်အတူ အင်္ဂလိပ်ပြန်ဝင်လာလျှင် ဓားပြများကို အပြတ်အသတ် နှိမ်နင်းပစ်လိမ့်မည်ဟူသော သတင်းကလည်း ထွက်နေ သည်။ ထိုအချိန်မှာ ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗမာ့လွတ်လပ်ရေးတပ်နှင့် အင်္ဂလိပ်စစ်ကြောင်း အုပ်ချုပ်ရေးတို့ ရောနှောနေချိန်ဖြစ်ရာ၊ တည်ပင်တဲ သို့သော အစွန်အဖျားရွာကလေးများဆီသို့ တော်လှန်ရေးသမား လိုလို၊ အုပ်ချုပ်ရေးသမားလိုလို၊ စစ်ဗိုလ်စစ်သားများလိုလို လူများ မကြာခဏ ရောက်လာတတ်သည်။ ရောက်လာကြလျှင်လည်း နာမည်ကျော် ဦးကောဝိဒ နှင့် တွေ့ဆုံဆွေးနွေးသွားတတ်ကြသည်။ ဦးကောဝိဒ၌ အားနည်းချက် တစ်ခု ရှိသည်။ ပြောဆိုစီမံခန့်ခွဲမှုတို့၌ သိုသိုသိပ်သိပ်မရှိဘဲ အသံသြဇာ ကောင်းကောင်း ကျယ်ကျယ်လောင်လောင်နှင့် ပြောဆိုခန့်ခွဲ တတ်ခြင်း ဖြစ်သည်။ ရပ်ရွာ၏ ကိုယ်တော်ဖြစ်၍ ရပ်ရွာတွင် သြဇာတိက္ကမ ရှိရာ
mgyoe.com

mgyoe.com

ရပ်ရွာလုံခြုံရေးအတွက် တာဝန်ယူရဟန်လည်း ရှိ သည်။ ဤအချက်က ဓားပြကျော်ရင်အတွက် မျက်စိဆံပင်မွေးစူးစရာ ဖြစ်နေသည်။

တစ်ညတွင်တော့ ဓားပြဗိုလ်ကျော်ရင်သည် အချိန်မတော် ဦးစန်းငွေထံ ရောက်လာသည်။ ဦးကောဝိဒကို သတ်ရတော့မည့်အကြောင်း ဦးစန်းငွေကို မလွန်ဆန်လို၍ လာပြီးအသိပေးရသည့် အကြောင်း ပြောသည်။ ဦးစန်းငွေမှာ အလွန်စိုးရိမ်သွားပြီး ဓားပြကျော်ရင်အား အကြောင်းအမျိုးမျိုးပြ၍ တောင်းပန်သည်။ ဓားပြကျော်ရင်က သည်တစ်ကြိမ်တွင်တော့ ဦးစန်းငွေစကားကို နားထောင်မည်ဖြစ်ကြောင်း၊ နောင်ဆိုရင် သူ့ကို အဆိုးမဆိုရန်နှင့် ဦးကောဝိဒအား သတိပေးထားရန် ပြောပြီး ထွက်သွားသည်။ ဦးစန်းငွေမှာ ဓားပြကျော်ရင်အား အာမခံလိုက်သော်လည်း ဦးကောဝိဒကို ဖွင့်မပြောရဲ။ အစ်ကိုဝမ်းကွဲလည်းတော်၊ ဆရာလည်းဖြစ်သည့်ပြင် ဦးကောဝိဒမှာ မဟုတ်မခံသမားမို့ အရွဲ့တိုက် ပိုကဲလာမည်လည်းစိုးသည်။ သို့ဖြင့် အခြေကျစ ပြုပြီဖြစ်သည့် ရန်ကုန်သို့ နှစ်ယောက်အတူ ပြန်ကြရန်ခေါ်သည်။ သို့ရာတွင် ဦးကောဝိဒက နောက်မှ လိုက်ခဲ့မည်ဆိုသဖြင့် တစ်ဦးတည်း ထွက်လာခဲ့ရသည်။

ဦးစန်းငွေ ရန်ကုန်ရောက်၍ ၁၅ ရက်မျှ အကြာတွင် ဦးကောဝိဒ လူထွက်ပြီး ဆွေမျိုးနီးစပ် အမျိုးသမီးတစ်ဦးနှင့် အိမ်ထောင်ကျသည်ဟု ကြားရသည်။ လူထွက်ရသည့်အကြောင်းကို ကြေညာစာတမ်းများ ထုတ်ဝေပြီး ဦးစန်းငွေထံသို့လည်း ပါဠိဘာသာဖြင့် စာတစ်စောင် ထည့်လိုက်သေးသည်။ သို့ဖြင့် ဦးကောဝိဒမှာ ကလောင်အမည် ပုပ္ပားဦးကျော်ရင်မှ လူဦးကျော်ရင်အဖြစ် ရောက်ရှိသွားသည်။ ထိုသို့ ရောက်ရှိပြီး များမကြာမီမှာပင် ဓားပြကျော်ရင်၏ သတ်ဖြတ်ခြင်းကို ခံလိုက်ရသည်။

ထိုနေ့ကား ၁၃၀၈ခုနှစ်၊ ကဆုန်လဆန်း (၆)ရက် ၆.၅.၁၉၄၆နေ့။ မုံရွာမြို့တွင်နေသည့် ဦးကောဝိဒ၏ညီ မောင်ကျော်တင့်ဆိုသူ အလည်ရောက်ရှိနေရာမှ ပြန်မည်ဖြစ်သဖြင့်၊ မိခင်ဒေါ်အုန်းရီ၊ နှမမဖွားညွန့်၊ ညီမောင်ကံကြီး၊ မောင်ချစ်အေးတို့နှင့်အတူ မောင်ကျော်တင့်အား ကားဂိတ်သို့ လိုက်ပို့ကြသည်။ ကားဂိတ်မရောက်မီ မန်ကျည်းပင်အုပ်စုမှ ဓားပြကျော်ရင်တို့အဖွဲ့က ပုပ္ပားဦးကျော်ရင်တို့ လူသိုက်အား ဖမ်းဆီး

mgyoe.com

mgyoe.com


လိုက်ကြသည်။ ဦးကောဝိဒ၊ မောင်ကျော်တင့်နှင့် မောင်ကံကြီးတို့ သုံးယောက်ကို ဖမ်း၍ ကျန်သုံးယောက်ကို လွှတ်လိုက်သည်။

သုံးယောက်လုံးကို လက်ပြန်ကြိုးတုပ်၍ ရိုက်သည်။ သေနတ်ဒင်နှင့် ဆောင့်သည်။ ထို့နောက် သွေးသံရဲရဲဖြစ်နေသော ညီအစ်ကိုသုံးယောက်အား လက်ပြန်ကြိုးတုပ်၍ တည်ပင်တဲရွာဆီသို့ ခေါ်လာခဲ့သည်။ ရွာသားများ ကြောက်လန့်စေရန် သတ်တော့မည့်သူအား ရွာထဲသို့လျှောက်ပြခြင်းဖြစ်သည်။ ဦးကောဝိဒတို့ ညီအစ်ကိုခမျာ ခိုကိုးရာမမြင်သော်လည်း တွေ့သမျှလူတိုင်းကို အကူအညီတောင်းရှာသေးသည်။ သို့ရာတွင် မည်သူမျှ တစ်ခွန်းဝင်မဟရဲကြ။ ဦးကောဝိဒက တည်ပင်တဲရွာ ဘုန်းတော်ကြီးကျောင်းသို့ ဝင်ရောက်ဖူးမြော်ခွင့်တောင်းရာ စားပြကျော်ရင်က လက်ပြန်ကြိုးတုပ်လျက်နှင့် ခေါ်သွားသည်။ ဘုန်းတော်ကြီးအား ကန့်တော့ရင်း ကူညီပါရန် လျှောက်ထားသောအခါ ဘုန်းတော်ကြီးခမျာမှာလည်း ကူညီဖို့ဝေး၍ ကြောက်လွန်းသဖြင့် ကြည့်တောင်မကြည့်ဝံ့ဟု ဆိုသည်။ သို့ဖြင့် ဒီပနီ၊ ကဗျာ၊ ဝတ္ထု၊ ဆောင်းပါးများအပြင် ဒဂုန်မဂ္ဂဇင်း၏ 'ယုဝတီစက္ခု'ခေါ် အမျိုးသမီးကဏ္ဍ၌ သလ္လာဝတီတင့်အုံဟူသော အမည်ဖြင့် စာစုံရေးစွမ်းနိုင်စွမ်းရှိသော၊ နောက်ပိုင်းတွင် ဒဂုန်မဂ္ဂဇင်းကြီး၏ အယ်ဒီတာချုပ်ပါဖြစ်လာသော ပုပ္ပါးဦးကျော်ရင်ခေါ် ပထမကျော်လယ်တီ ဦးကောဝိဒသည် ထိခိုက်ကြေကွဲဖွယ်ရာ ဘဝနိဂုံးချုပ်ခဲ့ရသည်။

× × ×

အမျိုးသားပညာဝန် ဦးဖိုးကျားအကြောင်း ရေးသားကြရာ၌ အင်းစိန်ခရိုင် (ယခု ရန်ကုန်မြောက်ပိုင်းခရိုင်) ထန်းတပင်မြို့၌ ဆီးချိုရောဂါနှင့် ကွယ်လွန်သည်ဟု ဖော်ပြလေ့ရှိသည်။ အမှန်လည်း ဆီးချိုရောဂါ ဝေဒနာနှင့်ပင် ကွယ်လွန်ရခြင်းဖြစ်ပါသည်။ သို့ရာတွင် ထိုသို့ ကွယ်လွန်ရာ၌ လူဆိုးဓားပြတို့၏ ပယောဂမကင်းသည့် အကြောင်းကိုမူ သိရှိသူ နည်းပါးသည်။ စာရေးသူပင် ၁၉၉၀ ပြည့်၊ နှစ်ကုန်ခါနီးရက် တစ်ရက်၌ ထန်းတပင်မြို့သို့ ရောက်သွားစဉ် ဆရာကြီးဦးဖိုးကျား၏ ခယ်မတော်သူ ဒေါ်မြရီ (ထိုစဉ်က ၇၈ နှစ်)၏ ပြောပြချက်အရ သိရှိ ရခြင်းဖြစ်ပါသည်။

mgyoe.com



အသက် (၈၁) နှစ်အရွယ်တွင် တွေ့ရသော ဆရာကြီး၏ ခယ်မ ဒေါ်မြရီ (၁၉၉၃ တွင် ရိုက်ကူးသည်)

ဒေါ်မြရီမှာ ဆရာကြီးဦးဖိုးကျား၏ဇနီး ဒေါ်အေးကြည်၏ ညီမဝမ်းကွဲ ဖြစ်ပါသည်။ ဆရာကြီးဦးဖိုးကျားနှင့် ဒေါ်အေးကြည်အိမ်ထောင် ကျစဉ် ကပင် အတူလိုက်ပါနေထိုင်ခဲ့သူဖြစ်သည်။ ခဲအိုနှင့် အစ်မတို့၏ ဝေယျာဝစ္စ များ လုပ်ပေးရသည့်အပြင် ညဘက်၌ စာမူပရုဖ်များကိုပါ ကူဖတ်ပေးရ သည်ဟု ဆိုသည်။ တစ်ဦးတည်းသောသား ဇော်ဝင်းကျားကို မွေးဖွားလာ သောအခါတွင်လည်း ဒေါ်မြရီပင် ထိန်းခဲ့ရသည်။ အစ်မ ဒေါ်အေးကြည် ကွယ်လွန်သွားသောအခါ၌ အိမ်ဝေယျာဝစ္စတာဝန် အားလုံးမှာ ဒေါ်မြရီပင် အောက်ခြေသိမ်း လုပ်ပေးရသည်။ စစ်ကြီးဖြစ်လာသောအခါ မိသားစု တစ်စုလုံး ရန်ကုန်ကို စွန့်ခွာကြသည်။ ရေနံ ချောင်းအထိ ရှောင်ပြေးရန် ဖြစ်သော်လည်း မှော်ဘီဆရာသိန်းကြီး၏ အစီအစဉ်အရ မှော်ဘီတွင် သောင်တင်သွားကြခြင်း ဖြစ်သည်။ မှော်ဘီတွင် နေကြစဉ်မှာပင် ဆရာသိန်းကြီး ကွယ်လွန် (၄၂ ဇန်နဝါရီ) သဖြင့် လှိုင်မြစ်ဘက် ချောင်းဝ

mgyoe.com

mgyee.com


ရွာသို့ ရွှေ့ခဲ့ကြသည်။ အိမ်က ကားဖြင့် ပြေးလာခဲ့ခြင်း ဖြစ်ရာ ဒရိုင်ဘာအပြင် ဆရာကြီးဦးဖိုးကျား၊ သား ဇော်ဝင်းကျား၊ ယောက္ခမဒေါ်သိန်းနှင့် ဒေါ်မြရီတို့ စုစုပေါင်း လေးယောက်ဖြစ်သည်။ ဒေါ်ဒေါ်သိန်း၏တူ ဦးချစ်ဆွေတို့ ဇနီးမောင်နှံနှင့် သား မောင်မောင်ပြုံးတို့ပါ အတူလိုက်ကြရန် ဖြစ်သော်လည်း ကားမဆန့်သဖြင့် သန်လျင်ပုဂံတောင်သို့ သီးခြား တိမ်းရှောင်ရသည်။

ဆရာကြီးဦးဖိုးကျားတို့ ချောင်းဝရွာ၌ခိုနေစဉ်မှာပင် လူဆိုးတစ်သိုက်၏ ရန်ရှာခြင်းကို ခံရခြင်းဖြစ်သည်။ လုမည်၊ ယက်မည်၊ သတ်မည်၊ ဖြတ်မည် တကဲကဲလုပ်နေသဖြင့် အမြဲတထိတ်ထိတ် နေနေရသည်။ တစ်ညတွင်တော့ လူဆိုးများ လာတိုက်မည့် သတင်းကြားသဖြင့် ဆရာကြီးဦးဖိုးကျားအား ခြင်ထောင်ဖြင့် လိပ်ပတ်ပုံဖျက်ထားခဲ့ပြီး ကျန်လူများမှာ ရွာနံဘေးချောင်းထဲဆင်း၍ ရေရင်စို့လောက်ထဲတွင် ပုန်းနေရသည်။ လူဆိုးများက ဆရာကြီးဦးဖိုးကျားတွင် ငွေတွေ အများကြီးပါလာမည်ဟု တွက်ထားကြသည်။ အမှန်လည်း ငွေတွေပါလာခဲ့သည်။ စစ်အခြေအနေ မရေရာကြသဖြင့် ဆရာကြီးက ဘဏ်မှငွေအားလုံးကို ထုတ်ပြီးယူလာခဲ့သည်။ ငွေများကို စာအုပ်များအတွင်း၌ စာရွက်များအား အလယ်တွင် အရွယ်တော်ဝိုက်လိုးကာ ထည့်သွင်း၍ ယူလာခြင်း ဖြစ်သည်။ ဆရာကြီးမှာ ဆီးချိုရောဂါလည်း ဖြစ်နေသဖြင့် ထမင်းစား၍မရ။ ထို့ကြောင့် နိုင်ငံခြားမှလာသော ပေါင်မုန့်ခြောက်များကို သေတ္တာလိုက် ဝယ်ယူလာခဲ့သည်။ ထိုတစ်ညက ဘာမှမဖြစ်သော်လည်း နောက်နေ့၌ အိမ်ပေါ်တက်ပြီး ဖြောင်တောင်းသဖြင့် ငွေ ၁၀၀၀ိ/– ထုတ်ပေးလိုက်ရသည်။ ထိုအကြောင်း အမေဒေါ်မြရီက ပြန်ပြောရာတွင်

"ဒါပေမဲ့ သူတို့ရန်က မလွတ်ပါဘူး၊ အိမ်ပေါ်တက် အတင်းတောင်းလို့ ငွေတစ်ထောင်ပေးလိုက်ရတယ်။ အမေတို့ဆိုတာ ရှိတဲ့အဝတ်ကို ဆုတ်ဖြဲပြန်ချုပ်ပြီး ဆင်းရဲတဲ့အယောင်အဆောင်နေရတယ်။ ဒါပေမဲ့ လူဆိုးတွေက ဦးလေး (အမေဒေါ်မြရီက ဆရာကြီး ဦးဖိုးကျားကို ဦးလေးဟုခေါ်သည်) ဆီမှာ ပိုက်ဆံတွေ ရှိနေသေးတယ်ဆိုပြီး ဒုက္ခပေးမြဲပေးတာပဲ။ ဒီအဘိုးကြီးစားနေတဲ့ ပေါင်မုန့်ခြောက်တွေကို စားရမှ ကျေနပ်နိုင်မယ်ဆိုလို့

mgyee.com

mgyoe.com


ဦးလေးအတွက် အသက်နဲ့ထပ်တူ တန်ဖိုးထားတဲ့ ပေါင်မုန့်ခြောက်တွေကို ချကျွေးလိုက်ရတယ်။ ဒါနဲ့ နောက်ဆုံး ချောင်းဝမှာ ဆက်နေလို့တော့ မဖြစ်တော့ဘူးဆိုပြီး ထန်းတပင်မြို့ကို ပြေးခဲ့ကြတယ်။ ဒါတောင် နောက်က လှေနဲ့ လိုက်ကြသေးတယ်။ သမ္ဗန်သမား ကိုစိန်ထွန်းက ကပ်ရဲကပ်ခဲ့ စားနဲ့ ခုတ်မယ်လုပ်လို့ လွတ်လာ ခဲ့တာ။"

ဤသည်မှာ ဆရာကြီးဖိုးကျားတို့ မိသားစု လူဆိုးတို့လက်မှ အသက်လု၍ ထွက်ပြေးခန်းပင်ဖြစ်သည်။ ထန်းတပင်ရောက်သောအခါ ဆေးလိပ်ခုံပိုင်ရှင် ဦးမောင်ရွှေက အိမ်ပေါ်ခေါ်တင် စောင့်ရှောက်ထားသည်။ ဆရာကြီး ဦးဖိုးကျားမှာ ချောင်းဝတွင်နေစဉ် ဘုရားမီးပူဇော်သည့် ဖယောင်းတိုင်ကို ငြိမ်းရာမှ လက်၌မီးလောင်ခံထားရသည်။ ထိုအချိန်အထိ လူဆိုးတို့ ရန်က မအေးသေး။ ချောင်းဝသို့ ပြောင်းလာစဉ် ကတည်းက ရွှေလှေကြီးရွာဆိပ်၌ ထားခဲ့သောကားမှ ဓာတ်ဆီနှင့် ကားအပိုပစ္စည်းများကို ယူကြသည်။ ထိုတွင်မက ကားကိုပါ မီးရှို့ပစ်မည် ခြိမ်းခြောက်သဖြင့် ဒရိုင်ဘာကို လွှတ်ပြီး ၅၀၀/–ပေးလိုက်ရသည်။ လူတွေကိုလည်း ဘယ်နေ့လာ ဒုက္ခပေးမလဲဟု တထိတ်ထိတ် နေနေရသည်။ အဝတ်ကောင်းတွေကို အစုတ်အပြဲဖြစ်အောင် လုပ်ပြီး ဝတ်ကြရကာ ဒေါ်မြရီမှာ ဆရာကြီး၏ အစီအမံအရ ထန်းတပင်မြို့ထဲတွင် ညှပ်ခေါက်ဆွဲ လည်ရောင်းရသည်။ ရောင်းနေကျ မဟုတ်သဖြင့် အမြဲ ကျန်နေရာ ဆေးလိပ်ခုံမှ ဆေးလိပ်သမများကို ကျွေးပစ်ရသည်။

ထိုအချိန်တွင်ပင် ဆရာကြီးဦးဖိုးကျားစားသည့် နိုင်ငံခြားပေါင်မုန့်ခြောက်များ ကုန်သွားတော့သည်။ ထိုပေါင်မုန့်မျိုးကလည်း ဘယ်မှာမှ ရှာမရ။ ဆရာကြီးမှာ စားစရာပေါင်မုန့်ခြောက်မရသောအခါ ထမင်းစားရတော့သည်။ ထန်းတပင်တွင်ရှိနေသည့် ဆရာကြီး၏ သူငယ်ချင်းဆရာဝန်က ထမင်းစားလျှင် သေလိမ့်မည်ဟု ပြော၍ တားသည်။ ဆရာကြီးက ထမင်းစားလည်းသေ၊ မစားလည်း သေမည့်အတူတူ ထမင်းစားပြီး အသေခံမည်ဟု ပြန်ပြောသောအခါ တစ်အိမ်သားလုံး ငို ကြရသည်။

ဆရာကြီးဦးဖိုးကျား ကွယ်လွန်ပုံကို အမေဒေါ်မြရီက ဤသို့ ပြောပြပါသည်။

"ထမင်းစ,မားလို့ မကြာခင် ညာဘက်ခြေထောက်မှာ အနာစိမ်းလို့

mgyoe.com

mgyoe.com

အနာကလေးတစ်ခု စ,ထွက်လာတာပဲ။ ဒီအနာက တဖြည်းဖြည်းကြီးလာပြီး၊ နောက်ဆုံးအသားပေးတွေ ပုံ့ပုံ့ကျကုန်တယ်။ အမေတို့လည်း အင်္ဂလိပ်ဆေး၊ မြန်မာဆေး အနီးအနားမှာရှိတဲ့ ကျော်ပေ့ဆိုတဲ့ ဆရာတွေကို ပင့်ပြီးကုတာပဲ။ မရပါဘူး။ ထမင်းစ,စားတဲ့အချိန်ကနေပြီး တစ်လလောက်အကြာမှာ ကွယ်လွန်သွားတာပဲ။ သကြ်န်ရက်နီးနေလို့ နှစ်မကူးခင် အမြန်သင်္ဂြိုဟ်လိုက်ရတာ အမေကောင်းကောင်း မှတ်မိနေတယ်"

မှန်ပါသည်။ ဆရာကြီးဦးဖိုးကျားသည် ၁၁-၄-၄၂ နေ့တွင် ကွယ်လွန်အနိစ္စရောက်ခြင်း ဖြစ်သည်။ ထန်းတပင်သုသာန်တွင် သင်္ဂြိုဟ် မြှုပ်နှံသော်လည်း နောင်တွင် အရိုးကောက်ပြီး ရန်ကုန်သို့ ယူဆောင်ခဲ့ကြသည်။ ဆရာကြီးဦးဖိုးကျား ကွယ်လွန်ပြီးနောက် ကျန်အိမ်သားများ ထန်းတပင်တွင် ဆက်၍သောင်တင်နေကြရာမှ လူကြီးများ၏ စီမံမှုဖြင့် ဒေါ်မြရီသည် ဦးမောင်ရွှေနှင့် လက်ဆက်ခဲ့သည်။ ယခုအခါ ဦးမောင်ရွှေ ကွယ်လွန်ခဲ့ပြီး သမီးဖြစ်သူ မသန်းသန်းနု မိသားစုနှင့်အတူ နေထိုင်လျက် ရှိသည်။

× × ×

ယခုလောက်ဆိုလျှင် ဆရာကြီးသုံးဦး လူဆိုးဓားပြဘေးဒုက္ခနှင့် ရင်ဆိုင် ကြုံတွေ့ရပုံအကြောင်း ဖြစ်ရပ်မှန်များကို သိရှိနိုင်ပြီဖြစ်ပါသည်။ ဖြစ်ရပ်များအရ ဓားပြ ဗိုလ်သက်ထွန်း၊ ဓားပြ ဗိုလ်ကျော်ရင်နှင့် မော်ဘီချောင်းဝရွာမှ လူဆိုးတစ်သိုက်တို့မှာ ဆရာကြီးသုံးဦး ကွယ်လွန်ရခြင်းအတွက် တရားခံများ ဖြစ်နေပါသည်။ သို့ရာတွင် အကယ်၍ ဆရာကြီးတို့မှာ တိုင်းပြည်အခြေမပျက်ဘဲ မူလနေရာတွင်သာ နေထိုင်ရပြီး မိမိတို့လုပ်မြဲအလုပ်ကိုသာ လုပ်နေရပါက ဤသို့သောအဖြစ်ဆိုးများနှင့် ကြုံတွေ့ကြရမည်မဟုတ်ပါ။ ဂျပန်အဝင် ဂျပန်အပြေးဟု မြန်မာလူမျိုးအများစုအမှတ်အသားပြုကြသည့် ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားချိန်ကာလနှင့် ကြုံကြိုက်ရသောကြောင့်သာ ဤသို့ဝမ်းနည်းကြေကွဲဖွယ်ရာ ဘဝနိဂုံးချုပ်ကြရခြင်းပင် ဖြစ်ပါသည်။ စစ်ကြောင့် ထိုသို့သော အသက်အန္တရာယ်အပြင် ဘေးဒုက္ခအမျိုးမျိုးနှင့် ကြုံတွေ့ရနိုင်ကြောင်း ပုပ္ပားဦးကျော်ရင် (လယ်တီဦးကောဝိဒ) ကိုယ်တိုင် ကြိုတင်နိမိတ်ဖတ် ရေးသားခဲ့ပါသည်။

mgyoe.com

mgyoe.com


ဗိုးဒဏ်သင့်၍ မီးလောင်မြေဖြစ်နေသော မုံရွာမြို့မှအခွာတွင် စပ်ဆိုခဲ့သည့် "စစ်မက်ကြောင့် ရန်အသွယ်သွယ်၊ ခေတ်ပျက်တဲ့ အန္တရာယ်ကြောင့်၊ အမှန်တကယ် ဂုဏ်သမ္ဘာကြို့ရသော၊ မုံရွာမြို့ တစ်နယ်ဆီက၊ လယ်တီခေါ် ကျောင်းတိုက်မဟာမှာ၊ အကြောင်းဆိုက် လေးချိုးကြီး"၌ အောက်ပါအတိုင်း နိဂုံးချုပ်မှာကြားခဲ့ပါသည်။

"ကာလရှေးသရောအခါက၊ တွေးတောကာ အကြံအစည် အရှုပ်ထွေးငြင်းလို့ခက်ရပါတဲ့။ အရေးကောဇာ ပုဂံပြည်တရုတ်ပြေး လက်ထက်တွင်ဖြင့်၊ အဖြစ်အပျက် ရှုပ်ပြန်တယ် မှတ်လည်း မှတ်ထိုက်လှပေသော၊ စစ်ဘက် တရုတ်အန္တရာယ် ကပ်ကြီးဆိုက်ခဲ့ရသနှင့်၊ ရပ်ကြီး တစ်ဝိုက်တောရောအုံပါ ပြာကျလို့ ညက်တဲ့ပြင်။ (တင့်အုံရယ်) ၎င်းသော အချိန်အခါမှာ ကျောင်းရောအိမ်ပါ ဗလာကျလို့ ပျက်ရတယ်။ ထုံးသက်သေ ဥပမာဟောင်းကိုလ၊ ရုံးလျက်မသွေ ရှုစရာ အပြောင်းပါပဲတဲ့။ စစ်အခါသမယမှာ နစ်နာကြသူအပေါင်းငယ်တို့၊ စိတ်ထောင်းကာ ကိုယ်မကြေကျစေနဲ့၊ မိတ်ပေါင်းသဟာတွေ၊ နိမိတ်ကောင်းရာကို အတိတ်ပြောင်းကာ ပျိုပျိုနေကြပေတော့။ ဟိုမြေက မုံနဂရာကြုံရာပါးလိုက်မယ်။ ချစ် စာခွေ၊ မေတ္တာရေ စကားရယ်နှင့်။ ဩ . . . တရားကျလို့ ဩကာသနည်း နိမိတ်ကို၊ စာနဲ့ဘာနဲ့ အသေအချာ ဟောလိုက်မယ်ကွဲ့(တင့်အုံရယ်) ဘုရားတ,တပြီး တရားရရန်နှင့် အများဝကြစေဖို့၊ ဩဝါဒပုတီးစိပ်ကို ကဗျာဖွဲ့ကာ စေတနာစောပေါ်လို့ (အမယ်လေး) စကား အစအန ကောလာဟလစနည်း အတိတ်တွေနဲ့ မှာခဲ့ပါတဲ့၊ ဆရာ့ဒေသနာ သဘော"

*မိုးကုတ်နယ်၊ ငပြီ၊ ၂၀၀၈။*

■

mgyoe.com

mgyoe.com

## အလင်္ကာနှင့် ပထမ

ထိတွေ့စမှု
နားဝမှာလျှင်၊ ကျယ်လောင်သွင်တည့်
မြင်လိုက်သည့်ခါ၊ အာရုံမှာလည်း
မှုန်ဝါမစင်၊ ပိုးဝါးထင်၏
ပုံတင်သံကား၊ တိမ်တိုက်ကြားဝယ်
လွင့်ပါးလှိုင်းဝေ့ပမာတည်း။
ခံစားတတ်မှု
မြင့်မြတ်ပညာ၊ အလင်္ကာကား
မြင်ရာကြားမှု၊ အာရုံစုကို
မနုမရိုင်း၊ ပုံတင်လှိုင်းဖြင့်
လွင့်တိုင်းသံလွင်၊ ကြည်ဘဝင်မှာ
ယဉ်ယဉ်ငြိမ့်ငြိမ့်လှသတည်း။

ဒဂုန်တာရာ

အလုပ်တာဝန်ဖြင့် အထက်အညာတွင် ရှိနေစဉ် ဆရာတစ်ယောက် ကျွန်တော်တို့ မိသားစုရှိရာ မြို့ကလေးအနီးသို့ ရောက်လာကြောင်း

mgyoe.com

mgyoe.com

ကြားရသောအခါ မဖော်ပြနိုင်လောက်အောင် ဝမ်းသာသွားသည်။ တူမဖြစ်သူ စက်ရုံဆေးခန်း သူနာပြုဆရာမ သင်းမြစန္ဒီနှင့်အတူ လိုက်ပါနေထိုင်ခြင်းဖြစ်သည်ဟု သိရသည်။ စက်ရုံနှင့် ကျွန်တော်တို့ မြို့ကလေးမှာ ဘာမျှမဝေး။ ရန်ကုန်သို့ထွက်သည့် ဒတ်ဆန်းကားကိုစီးလျှင် ဆယ့်ငါးမိနစ်နှင့် ရောက်သည်။

ငယ်ငယ်ကတည်းက ဆရာ့စာများကို စွဲခဲ့သော်လည်း ဆရာ့ကို တစ်ခါမျှ နီးနီးကပ်ကပ် မမြင်ဖူးခဲ့။ အဝေးကသာ နှစ်ကြိမ် တွေ့ခဲ့ဖူးသည်။ ပထမအကြိမ်မှာ ၁၉၆၀ ပြည့်နှစ်လောက်က ဖြစ်သည်။ ကျွန်တော် နယ်မှ ဆယ်တန်းအောင်ပြီး ထီးတန်းကောလိပ်သို့ ရောက်စ။ တစ်နေ့၌ သူငယ်ချင်းတစ်ဦးနှင့်အတူ ရုပ်ရှင်ကြည့်ရန် မြို့ထဲသို့ ဘတ်စ်ကားဖြင့် လာခဲ့ကြသည်။ ဆူးလေအဝိုင်းအနီးတွင် ရှားမီး (ယခု ရသာ) ဘက်သို့ ကူးရန် ပြင်နေသော ဆရာ့ကို လှမ်းမြင်လိုက်ရသည်။ တက်ထရွန် အဖြူ လက်တို၊ ရေညှိရောင် ဘန်ကောက်နှင့်။ ဆရာ့ ကိုယ်ပိုင်အမှတ်အသားဖြစ်သော ဆံပင်လှိုင်းတွန့်များက ဝေ့ဝဲကျနေသည်။ ကော်ကိုင်း မျက်မှန် အနက်က တလက်လက်။ ဆရာတစ်ဦးတည်း မဟုတ်။ ပန်းချီ အောင်စိုး လည်း ပါသည်။ ဆရာအောင်စိုးကလည်း ဆရာ့ပုံစံမျိုး။ ဆင်တူဝတ်လာသည့် ညီအစ်ကိုနှစ်ယောက်ဟု ထင်ရသည်။ ဆရာအောင်စိုး၏ ပခုံးထက်တွင် အစိမ်းရောင်လား၊ အနီရောင်လား မမှတ်မိတော့သည့် လွယ်အိတ်တစ်လုံးကို လွယ်ထားသည်။

နှစ်ဦးစလုံးပင် ထိုအချိန်က လျှမ်းလျှမ်းတောက် ကျော်ကြားနေသူများ။ သူတို့၏ ရုပ်ပုံများကို သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများတွင် မကြာခဏ တွေ့နေရသည်။ ထို့ကြောင့် မြင်မြင်ချင်း ဘယ်သူဘယ်ဝါ ဆိုသည်ကို သိလိုက်သည်။ သူတို့ကို ငေးကြည့်နေစဉ် အတူပါလာသည့် သူငယ်ချင်း၏ မှတ်ချက်ချသံကို ကြားလိုက်ရသည်။

"နှစ်ယောက်စလုံး လူချောတွေ ချည်းပဲနော်"

ဆရာ့ကို ဒုတိယအကြိမ် တွေ့ရသည်က ၁၉၈၀ ပြည့်နှစ်ဝန်းကျင်တွင် ဖြစ်သည်။ ထိုအချိန်တွင် ကျွန်တော်သည် စာတိုပေစကလေးများကို ဟိုဟိုသည်သည်၌ ရေးစပြုနေပေပြီ။ တစ်နေ့ စစ်ပြန်မဂ္ဂဇင်းမှအထွက်

mgyoe.com

mgyoe.com

ပန်းဆိုးတန်းလမ်းထိပ်၌ အနော်ရထာလမ်းကို ဖြတ်ကူးရန် ပြင်နေသော ဆရာ့ကို လှမ်းမြင်လိုက်သည်။ သည်တစ်ခါလည်း ဆရာတစ်ယောက်တည်းမဟုတ်။ မိန်းမပျိုတစ်ဦးက ဆရာ့ကို တွဲထားသည်။ ဆရာ မျက်စိအား အတော်နည်းနေပြီဖြစ်၍တူမများ၏ အကူအညီဖြင့် မြို့ထဲသို့ ထွက်ကြောင်း ကြားထားပြီးဖြစ်သည်။ ဟိုတုန်းကအတိုင်း အင်္ကျီ လက်တို နှင့်ပင်။ သို့ရာတွင် ဘန်ကောက်လုံချည် မဟုတ်တော့။ အနက်နှင့် အဝါဖျော့ ယှက်ဖောက်ထားသည့် ယောလုံချည်ကို ဝတ်ထားသည်။ ဆရာ့ ကိုယ်ပိုင်ဟန်ဖြစ်သော ဆံပင်နှင့် မျက်မှန်ကတော့ အရင်အတိုင်း။ ဆံပင်က နည်းနည်းပိုရှည်ပြီး မျက်မှန်က နည်းနည်းပိုထူလာသည်။ ဆန္ဒရှိသော်လည်း ဆရာ့ကိုသွားပြီး နှုတ်မဆက်ဖြစ်ခဲ့။ လူချင်း မသိကျွမ်းသေးပါ ပဲလျက် လမ်းမတ်တတ်တွင် မိတ်ဆက်ရန်မှာ ရိုင်းရာကျမည် စိုးနေသည်။ နောက်ပြီး အနီး၌ မိန်းမပျိုတစ်ဦးက ပါနေသည်။

ဆရာ့ကို တကူးတက သွားရောက်တွေ့ဆုံဖို့ကလည်း အခြေအနေ မပေး။ မိမိမှာ နယ်ဝန်ထမ်းတစ်ဦးဖြစ်နေ၍ အခွင့်သာမှသာ ရန်ကုန်သို့ လာနိုင်သည်။ ထိုစဉ်က ဆရာသည် ကိုနေဝင်း(ကောလိပ်ဂျင်)တို့နှင့် အတူနေသည်ဟု သိထားသည်။ ကိုနေဝင်းကို တက္ကသိုလ်တွင် မီလိုက်သော်လည်း ကျွမ်းဝင်ရင်းနှီးခွင့် မကြုံခဲ့။ သို့ဖြင့် ဆရာ့ကို တွေ့ဖို့ရာ သက်သက်ဖြင့် ဝင်ထွက်ဖို့ရာ ဝန်လေးနေသည်။

ယခုတော့ မမျှော်လင့်ဘဲ အနီးသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာ ပေပြီ။ ရတောင့်ရခဲသည့် မဟာအခွင့်အရေးကြီးပင် ဖြစ်တော့သည်။ နောက်ပြီး တိုက်ဆိုင်ချင်ပြန်တော့ မိမိကလည်း အလုပ်မှ အငြိမ်းစားယူပြီး မြို့ကလေး တွင် အခြေချကာ စာရေးတော့မည်ဟု စီစဉ်ထားသည်။

၁၉၈၈ခု နှစ်ဆန်းပိုင်း၌ ပင်စင်ကျပြီး အိမ်သို့ ပြန်ရောက်လာသည်။ ဆရာ့ကို သတိရသော်လည်း ချက်ချင်း မသွားနိုင်သေး။ မိသားစု အရေး ကိစ္စများကို စီစဉ်နေရသေးသည်။ စာရေးရင်း တစ်ဖက်စိုက်ပျိုးရေး လုပ်မည်ဟု ကြိုတင်အစီအစဉ်အတိုင်း ပြင်ဆင်နေခြင်း ဖြစ်သည်။ ထိုကာလ၌ ဆရာ အောင်ပန်းဘက်သို့ ခရီးထွက်သွားကြောင်း ကြားရသည်။ ဆရာ၏ ခရီးသွားဇာတ်လမ်းဖြစ်သော "လေစိမ်းတွေ တိုက်နေတယ်"ကို

mgyoe.com

mgyoe.com

ဖတ်ရသည်။

သို့နှင့် မိုးကာလ တစ်မနက်တွင်မှ ဆရာ့ဆီသို့ ထွက်လာဖြစ်သည်။ စက်ရုံမှာဟုသာ သိရသည်။ ဆရာတို့ ဘယ်နေရာမှာ နေမှန်း မသေချာ။ ထို့ကြောင့် ကားပေါ်မှ ဆင်းဆင်းချင်း တွေ့ရသည့် လက်ယာဘက်မှ ဝန်ထမ်းအိမ်ရာများဆီသို့ သွားပြီး စုံစမ်းသည်။ သူတို့က ညွှန်ပြသဖြင့် လမ်းတစ်ဖက် စက်ရုံနှင့် ဘေးချင်းယှဉ်လျက်ရှိရာ သံဆူးကြိုး ကာရံထားသည့် ဝင်းဆီသို့ လျှောက်လာခဲ့သည်။

ဆရာ့ဝန်းကျင်ကား တကယ့်စက်ရုံကျေးလက် ရှုခင်းပင်။ ဂန္ဓာလရာဇ် ပုံစံ စက်ရုံခါကြီးနှင့် ကွက်လပ်ခြားကာ လူနေတိုက်တန်းကလေး သုံးလေးခု က စီတန်းနေသည်။ တိုက်တန်းကလေးများမှာ ယူကလစ်ပင်နှင့် ငှက်ပျော ပင်များ ဖုံးအုပ်ထားသည့် တောင်ကုန်းအောက်တွင် ဝပ်နေသည်။ မြေနီ လမ်းကလေးက ခြံဝင်းဝမှသည် တိုက်တန်းကလေး များဆီသို့ တဖြည်း ဖြည်း ဝေးဝင်သွားသည်။ ပြည်အမြန်လမ်းပေါ်မှ တစ်ခါတစ်ခါ ထွက်ပေါ် လာသည့် ကားသံမှလွဲ၍ ဘာသံမှမကြားရ။ နေသာနေသဖြင့် မိုးသက် လေက ဝင်းလက်နေသည်။ မြေနီလမ်းသို့ အဝင်ခြံဝင်းဝ၌ ခပ်နွမ်းနွမ်း အမျိုးသမီးတစ်ယောက် ထင်းစည်းကိုချပြီး အမောဖြေနေသည်။ ခေါင်းခု လုပ်ထားသည့် လုံချည်စုတ်ဖြင့် ချွေးသုတ်ရင်း ကျွန်တော့်ကို လှမ်းကြည့် သည်။

မြေနီလမ်းအတိုင်း လျှောက်လာရင်း ဝဲဘက်မှ ထရံကာ၊ သက်ငယ်မိုး စာသင်ကျောင်းတစ်ကျောင်းနှင့် နီစွေးစွေး ဂိုဒေါင်တစ်လုံးကို ကျော်လာ ခဲ့သည်။ ဂိုဒေါင်ကအလွန် အဆောက်အဦငယ်လေး တစ်ခုရှေ့၌ လူစုစု ဝိုင်းအုံနေသည်ကို လှမ်းမြင်ရသည်။ တိုက်တန်းများဘက်မှ လူအချို့လည်း မြေနီလမ်းအတိုင်းလာကာ ထိုဘက်သို့ ချိုးဆင်းနေကြသည်။

"ဘာလုပ်နေကြတာလဲ"

ကျွန်တော်က မျက်နှာချင်းဆိုင် ဆုံလိုက်ရသူ တစ်ဦးအား မေးလိုက်သည်။

"ဝက် စုပေါ်နေကြတာလေ"

ကျွန်တော် ကောင်းစွာ သဘောပေါက်လိုက်ပါသည်။ စက်ရုံကျေး လက်မှာ ဈေးနှင့်မနီး။ သည့်တော့ ဟင်းကျွေးဟင်းလျာ ဝယ်ဖို့ရာ မလွယ်။

mgyoe.com

mgyoe.com

ဝက်တစ်ကောင်ကို ဝယ်ပေါ်ပြီး အချိုးကျ ခွဲယူကြခြင်းဖြစ်သည်။ မြန်မာနိုင်ငံကျေးလက်ဒေသအဝန်းတွင် ကျင့်သုံးနေကြသည့် ဓလေ့ထုံးစံတစ်ခုပင်။ ထို့ကြောင့်ပင် ဆရာက သူ့ဝန်းကျင်ကို မဲဇာဟု တင်စားသုံးစွဲခြင်းဖြစ်မည်။

တိုက်တန်းများဆီသို့ ရောက်သောအခါ ဆရာတို့အခန်းကို တစ်ခါစုံစမ်းရပြန်သည်။

ဆရာတို့က ဝဲဘက်ဝင်ဝင်ချင်း၏ အရှေ့ဘက်တန်းအစွန်းမှာ တစ်ထပ်တိုက်ကလေးတစ်လုံးကို နှစ်ခြမ်းခွဲနေရခြင်းဖြစ်ပြီး ဆရာတို့အခန်းမှာ ပထမဦးဆုံး တွေ့ရသည့် တောင်ဘက်ခြမ်း ဖြစ်သည်။

"တို့ညည့်သည် မဟုတ်ပါဘူး၊ ဦးလေးဆီလာတာနေမှာ"

ခြံဝင်းအတွင်း ဝင်သွားသည်နှင့် အမျိုးသားအသံတစ်ခုကို ကြားလိုက်ရသည်။ မသင်းမြစန္ဒီ၏ ခင်ပွန်းပင် ဖြစ်ပေမည်။ ဆရာနှင့် မသင်းမြစန္ဒီတို့အပြင် သူမ၏ ခင်ပွန်းနှင့် ကလေးငယ်လည်း ရှိနိုင်သည်ဟု နဂိုကတည်းက ခန့်မှန်းပြီး ဖြစ်သည်။ မသင်းမြစန္ဒီက တံခါးဖွင့်ပြီး ထွက်ကြိုသည်။ ထို့နောက်တွင်တော့ . . .

× × ×

မသင်းမြစန္ဒီတို့က အလိုက်သိစွာ နောက်ဖေးခန်း၌ နေသည်။ ကော်ဖီ၊ ရေနွေးကြမ်းနှင့် မိမိအတွက် ဆေးလိပ်ခွက်ကိုချပေးပြီး တစ်ခါတစ်ရံမှသာ ထွက်လာသည်။ ညည့်ခန်းထဲ၌ ဆရာနှင့် ကျွန်တော်နှစ်ယောက်တည်း။ ဆရာက စွပ်ကျယ်လက်စကနှင့် ဝက်ဝံလုံချည်အဟောင်းကို ဝတ်ထားသည်။ ကျွန်တော့် စိတ်ထဲ၌ လွန်ခဲ့သည့်ရှစ်နှစ်၊ ၁၉၈ဝ ပြည့်နှစ်အတိုင်း မပြောင်းလဲ။ ဝန်းကျင်တစ်ခွင်မှာ အခန်းနံရံတွင် ချိတ်ထားသည့် ဆရာ့လက်ရာ မဲနယ်တောင် ပန်းချီကားနှယ် အေးချမ်းလှသည်။

ကျွန်တော်က တာရာခေတ်ကို ပြန်နွှေးသည်။ တာရာမှ မွေးဖွားပေးသည့် စာရေးဆရာများနှင့် သူတို့၏စာ။ ထို့နောက် မေ၊ ရုပ်ပုံလွှာ၊ ကြာပန်းရေစင်၊ ဒဂုန်တာရာ၏ ဒဂုန်တာရာ၊ စံပယ်ဦး၊ အလင်္ကာ၊ မူးရစ်ဝေသော နွေဦးညများမှသည် စက်ရုံကျေးလက်အထိ။ ဆရာ့ စာများကို

mgyoe.com

mgyoe.com

မလွတ်တမ်းဖတ်ခဲ့သဖြင့် ဆရာနှင့် ခုမှတွေ့သော်လည်း စိမ်းမနေ။ တစ်ယောက်နှင့်တစ်ယောက် ပေါင်းစပ်၍ ရနေသည်။ ၁၉၇၀ ခုမှ ၈၀။ ဆယ်စုနှစ်ကာလ စာပေလောကနှင့် ပတ်သက်၍ မိုးဝေ စာပေမဂ္ဂဇင်း အကြောင်းပြောဖြစ်သည်။ စာပေမဂ္ဂဇင်း၌ ဆရာလစဉ် ဆောင်းပါးများ ရေးနေစဉ် ကျွန်တော့်ဝတ္ထုတိုများလည်း မကြာခဏ ပါနေသည်။ ဆရာက ဝတ္ထုတိုပဲ ဇောက်ချရေးဖို့ တိုက်တွန်းသည်။

စကားဝိုင်း၌ သိပ်မကြာသေးခင် ပူပူနွေးနွေးရှိနေသော "နွေနှောင်း ဝသန်"ကိစ္စ ပြောဖြစ်သည်။ အတ္ထုပ္ပတ္တိရေး ဆရာတစ်ယောက်က ကိုစောငြိမ်းရေးခဲ့သည် သီးချင်းကို ဆရာက သူရေးသည်ဟု ကြားဖြတ် အမြတ်ထုတ်သယောင် ရေးခဲ့သည်။ ဆရာ စိန်ခင်မောင်ရီကလည်း ထိုဆရာဘက်မှ ထောက်ခံခဲ့သည်။ ဆရာက ဘယ်လိုမှ မတုံ့ပြန်ခဲ့။ နောက်ဆုံး၌ ဆရာစိန်ခင်မောင်ရီကပင် သီချင်းသားကို ဆရာကရေးပြီး ကိုစောငြိမ်းက အသံသွင်းခဲ့ကြောင်း၊ စာသားတစ်ကြောင်းကို ဆရာ၏ သဘောတူညီချက်ဖြင့် ကိုစောငြိမ်းက ပြင်ခဲ့ကြောင်း ထိုအချိန်က စာရေးဆရာတစ်ဦးမှ လောလောလတ်လတ် ရေးခဲ့သည့် ဆောင်းပါးကို ဖော်ပြပြီး ရှင်းသည်။ နွေနှောင်းဝသန်မှာ စာရေးဆရာအသင်းမှ စာဆိုတော်နေ့ အထိမ်းအမှတ် အဖြစ် ကပြသော "နတ်ရှင်နောင်" ပြဇာတ်မှ ဇာတ်ဝင်သီချင်း ဖြစ်သည်။ ပြဇာတ်ကသည့်အပြင် "စာပေ" အမည်နှင့် မဂ္ဂဇင်းလည်း ထုတ်သည်။ ထိုနှစ်အသင်း၏ ဥက္ကဋ္ဌမှာ ဆရာ။ ဆရာက သူ၏ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိ "ဒဂုန်တာရာ၏ ဒဂုန်တာရာ"တွင် ကျွန်တော့်မှာ ပြဇာတ်အတွက် ဆွတ်ပျံ့ ဖွယ်အောင် နွေနှောင်းရက်ကျန် သီချင်း စာသားများကို ရေးပေးရင်းက စာပေအတွက် ဆောင်းပါးများကို ဖတ်ရှုကာ တည်းဖြတ်ပေးနေရလေသည်ဟု ရေးထားသည်။ နွေနှောင်းရက်ကျန်မှာ နွေနှောင်းဝသန်ပင် ဖြစ်သည်။ ကျွန်တော်က ထိုစာပိုဒ်ကို ရည်ညွှန်းပြီး "၁၉၅၁ ခုနှစ် ကတည်းက ဒီစာအုပ် ထွက်နေတာပဲ၊ ဘာကြောင့် ခုမှပြဿနာထတက်ကြတယ် မသိဘူး"ဟု ပြောသောအခါ ဆရာက ဘာမှ မှတ်ချက်မပေးဘဲ ပြုံးနေလေသည်။

ဆရာ့ထံမှ မေးမြန်းမှတ်သားရန်တို့မှာ များစွာရှိနေသေးသည်။ ဆရာ၏ ကမ္ဘာ့ငြိမ်းချမ်းရေး လှုပ်ရှားမှုကဏ္ဍ၊ ပန်းချီ၊ ဂီတ၊ သဘင်နှင့်

mgyoe.com

mgyoe.com

ရုပ်ရှင်၊ ဆရာ့ အရေးအသားအတိုင်း ပြောရလျှင် ဆေးစက် စောင်းကြိုးနှင့် ကတ္တီပါကားလိပ်။

သို့ရာတွင် အချိန်က မရှိတော့ပြီ။ ဆည်းဆာရည်သည် ညိုရီမှုန်မှိုင်းစ ပြုပြီ။ ညနေချိန်ရှာလေ့ရှိသော မိုးမည်းတို့လည်း တလိပ်လိပ် တက်လာနေကြပြီ။ နောက်အခေါက်များပင် မေးရတော့မည်။

ကျွန်တော်က နှုတ်ဆက်ပြီး ဆက်တီပေါ်မှထသည်။ ထို့နောက် ကြမ်းပြင်တွင် ထိုင်ပြီး ဆရာ့ကို ကန်တော့သည်။ ဆရာ့အတွက် ဒေသထွက် နာနတ်သီးနှစ်လုံး ပါလာခဲ့သည်။

"ဟ . . . မလုပ်ပါနဲ့၊ မလုပ်ပါနဲ့"

ဆရာက ပြာပြာသလဲတားသည်။ ဣန္ဒြေပျက်လောက်အောင် အကြောက်အကန်ဖြစ်သဖြင့် ကန်တော့သူပင် ပြန်၍ အားနာသွားသည်။ "မလုပ်ပါနဲ့ဗျာ . . .၊ ခင်ဗျားနဲ့ ကျွန်တော်နဲ့က အသက်ချင်း ဒီလောက် မကွာပါဘူး"

ဆရာက ဤသို့ပြောလိုက်သောအခါ ကျွန်တော် အတော်အနေရခက်သွားသည်။ သို့ရာတွင် ဆရာ့သဘောရင်းကို သိသဖြင့်–

"ဆရာ့ကို သက်ကြီးရွယ်အို တစ်ယောက်အနေနဲ့ ကန်တော့တာ မဟုတ်ပါဘူးဆရာ၊ ကြည်ညိုလေးစားရတဲ့ စာရေးဆရာတစ်ယောက် အနေနဲ့ပါ"

ဆရာကား နုသစ်သော အနုပညာကို ထုဆစ်ဖန်တီးနေသူ။ စာပေသစ်ကို "တာရာ"ခေတ်ဖြင့် လမ်းကြောင်းထွင်ခဲ့သူ။ သို့ဖြစ်၍ ဆရာ့စိတ်မှာလည်း သူ့အနုပညာနှင့်အတူ အမြဲပျိုမျစ်နေသည်။ ထို့ပြင် လူပုဂ္ဂိုလ်အနေဖြင့်လည်း အိမ်ရာအနှောင်အဖွဲ့ ရှိသူမဟုတ်။ အိမ်ထောင်သည် တစ်ယောက်သာ ဖြစ်ခဲ့လျှင် ရင်သွေးသားမြေးတို့၏ အကန်တော့ကို ခံနေရပေမည်။ ခုတော့ သူ့မှာ ဤအတွေ့အကြုံမရှိ။ သို့ဖြစ်၍သာ ကျွန်တော် ကန်တော့သည့်အခါ မနေတတ် မထိုင်တတ် ဖြစ်သွားခြင်းဖြစ်သည်။

"နေဦး . . .၊ ကိုလှမြင့်အသက်က ဘယ်လောက်"

ရောက်စ မိတ်ဆက်စဉ်က စကားစပ်၍ ပြောခဲ့ပြီးဖြစ်သော်လည်း ဆရာက ထပ်မေးသည်။

mgyoe.com

mgyoe.com

"လေးဆယ့်ငါးနှစ် ပြည့်ခဲ့ပါပြီ ဆရာ"

ထိုအခါမှ ဆရာခေတ္တတွေသွားပြီး–

"ဟုတ်သားပဲ၊ ကျွန်တော်က လာမယ့် မေဆို ခုနစ်ဆယ်ပြည့်တော့မှာပဲ"

ဟုတ်ပါသည်။ ဆရာမွေးရက်ကို ကျွန်တော် အသေအချာ သိထားသည်ပဲ။ ဆရာမှာ ကျွန်တော့်အစ်မ (အမေ) ညီမငွေးလေးနှင့်မှ ရွယ်တူဖြစ်သည်။ ကျွန်တော့်ဦးလေးအရွယ်။ ဆရာက သူနှင့်ကျွန်တော် အသက်ချင်းကွာခြားမှုနှင့် ကျွန်တော် ကန်တော့သည်ကို အကြောက်အကန် ငြင်းမိသည်ကို ပြန်တွေးမိဟန်ဖြင့် ရက်ပြုံးပြုံးနေသည်။

အမှန်လည်း ဆရာ မအိုသေးပါ။ မျက်လုံးမှလွဲ၍ အခြားဘာရောဂါမှ မရှိ။ အသက်နှင့် မလိုက်အောင် အရွယ်တင်လျက် ရှိပါသေးသည်။ လေးနက်သည့် ဆောင်းပါးများ ရေးနေဆဲကြားမှ သွက်လက်လတ်ဆတ်သော ဝတ္ထုတိုနှင့် ကဗျာများ ကြိုကြားရေးဖွဲ့လျက် ရှိပါသေးသည်။

သူ့ ပင်ကိုယ်ဟန်အတိုင်း နှုတ်ခမ်းထောင့်ကလေးကို ကွေး၍ ပြုံးနေသော ဆရာ့ကို ငေးကြည့်ရင်း မကြာသေးမီက ဈေးထဲမှ စာအုပ် အငှားဆိုင်တွင် ရွှေဆိုင်တန်း စာဖတ်ပရိသတ်တစ်ဦးက ဆိုင်ရှင်အား မေးလိုက်သည့် စကားကို ပြန်၍ ကြားယောင်မိသည်။

"ဒဂုန်တာရာဆိုတာ ဘယ်သူလဲဗျ၊ သူရေးတဲ့ကဗျာက အခုနာမည်ကြီးကဗျာဆရာတွေ ရေးတဲ့ပုံစံနဲ့ အတော်ဆင်ပါလား"

■

mgyoe.com

mgyoe.com

## နွေးထွေးသော နေ့လယ်ခင်းများ

"ကိုမောင်မောင်လှမြင့် လက်ဖက်ခြောက်ဘူး တွေ့လား၊ မီးခလုတ် ချခဲ့ဖို့လည်း မမေ့နဲ့ဦးနော်"

ဆရာက အိမ်ရှေ့ခန်းဆက်တီပေါ်မှ လှမ်းပြောလိုက်ခြင်းဖြစ်သည်။ အသံက အဲ့အဲ့တိမ်တိမ်။ ဦးလေးတစ်ယောက်၏ စိုးရိမ်စိတ်မချမှုများ ယှက်သန်းလျက်။ စာရေးသူက မီးဖိုချောင်ထဲရှိ လျှပ်စစ်မီးဖိုပေါ်မှ ရေနွေးအိုးကို သွားချနေခြင်း ဖြစ်သည်။ အိမ်တွင်စာရေးသူနှင့် ဆရာ နှစ်ယောက်တည်း။ မည်သူမျှမရှိ။ သင်းမြစန္ဒီက စက်ရုံဆေးခန်းမှာ၊ ဒေဝီ လေးက ကျောင်းမှာ၊ နေ့လယ်ခင်းအချိန်ဖြစ်၍ ဝန်ထမ်းအိမ်ရာဝန်းကျင် တစ်ခွင်လုံး တိတ်ဆိတ်ငြိမ်သက်နေသည်။

ဆရာက မျက်စိမကောင်းသော်လည်း ဧည့်ဝတ်က အင်မတန်ကျေချင် သည်။ ရေနွေးအိုးတည်လိုတည်၊ ထန်းလျက်ဘူး၊ မြေပဲလှော်ပုလင်း ချလိုချ နှင့် အလွန်အလုပ်ရှုပ်တတ်သည်။ မလုပ်ဖို့ ပြော၍မရမှန်း သိသောအခါ စာရေးသူကိုယ်တိုင် ဝင်ကြဲတော့သည်။ ဤသို့ဖြင့် ဆရာ့ထံ လာတိုင်း အထက်ပါ ဇာတ်လမ်းကလေးက တစ်ခန်းရပ် ပါစမြဲဖြစ်သည်။

စာရေးသူက စနေ၊ တနင်္ဂနွေမဟုတ်သော ကြားရက်များတွင် လာ

mgyoe.com

mgyoe.com

သည်။ ထိုရက်များ၌ အိမ်တွင် ဆရာတစ်ယောက်တည်း ဘယ်ဧည့်သည် မှမလာ။ သည်တော့ သိချင်တာ လွတ်လွတ်လပ်လပ် မေး၍ ရသည်။ အားမနာတမ်း ဆွေးနွေး၍ ကောင်းသည်။ တစ်ကြိမ်တွင် . . .

"ဆရာရဲ့ အဟောင်းကိုသိဖို့ မလိုဘူးဆိုတာကတော့ ကျွန်တော် လည်း ဘဝင်မကျဘူး ဆရာရယ်"

ဆရာက မျက်မှန်လက်ခနဲဖြစ်သွားအောင် ခေါင်းကို ဆတ်လိုက်ရင်း ကိုယ်ပိုင်အပြုံးလျှလျှဖြင့် . . .

"ဒါကတော့ လူငယ်တွေ ရဲရဲတွေး၊ ရဲရဲရေးဝံ့အောင် ပြောတဲ့စကား ပါဗျာ၊ အဖျားဆွတ်ပြီး အဓိပ္ပာယ်ကောက်တော့ တစ်မျိုးဖြစ်ကုန်တာပေါ့"

ဆရာ့စေတနာကို စာရေးသူ နားလည်သဘောပေါက်ပါသည်။ ယုံလည်း ယုံကြည်သည်။ သို့ရာတွင် လက်တွေ့၌ ရတနာပုံ မန္တလေးခေတ်က ယောအတွင်းဝန်ဦးဘိုးလှိုင်၏ စပျစ်ရည်ပြဿနာလို ဖြစ်နေသည်။ ယောအတွင်းဝန်က စပျစ်ရည်သည် ဆေးခါးကြီးနှင့် တူသည်။ ဆေးဝါး အဖြစ်သောက်လျှင် အပြစ်ရှိသည်မဟုတ်၊ လေသက်၍ ခံတွင်းပင် မြိန် သေးသည်။ များများသောက်မှသာ မူးယစ်ခြင်းဖြစ်မည်ကြောင့် အပြစ်ရှိ သည်ဟုပြောရာ မင်းတုန်းမင်းကြီး နားတော်သို့ ရောက်သွားသည်။ ဤတွင် သာသနဒ္ဒါယကာမင်းတရားကြီးက "မောင်မင်း ပညာရှိတစ်ယောက် အနေနဲ့ ဆင်ခြေ၊ ဆင်လက် အထောက်အထားတွေပြပြီး အရက်မူးအောင် မသောက်ရင် အပြစ်မရှိဘူးပြောတော့ လူပြိန်းတွေ ကြားရင် တစ်နိုင်ငံလုံး အရက်သမားတွေ ဖြစ်မကုန်ဘူးလား" ဟု ထောက်ပြ အရေးယူခဲ့သည်။ ယခု ဆရာ၏ "အဟောင်းကို သိဖို့ မလိုဘူး" ကိစ္စမှာလည်း ထိုပုံအတိုင်း ခပ်ဆင်ဆင်ဖြစ်နေသည်။ သမိုင်းသစ်ကို ဖန်တီးမည့်သူတိုင်း သမိုင်း ဟောင်းကို သိထားရန် လိုအပ်သည် မဟုတ်ပါလား။

ဆရာကိုယ်တိုင်ကား အလေ့အလာ အမှတ်အသား အလွန်အားကောင်း သူ ဖြစ်ပါသည်။ လာတွေ့သူ ဧည့်သည်တို့၏ အသက်အပိုင်းအခြား၊ အလုပ်အကိုင်တို့ကို စာအုပ်တစ်အုပ်ဖြင့် မှတ်တမ်းယူထားသည်။ ယင်းတို့၏ အတွေ့အကြုံများကိုလည်း စိတ်ဝင်တစား မေးမြန်းစူးစမ်းလေ့ရှိသည်။ မြန်မာ့လွတ်လပ်ရေးတိုက်ပွဲဝင် ခေါင်းဆောင်များနှင့် အဦးပိုင်း ထင်ရှား

mgyoe.com



ကျော်ကြားသည့် စာရေးဆရာ၊ သတင်းစာဆရာ အများစုမှာ ဆရာနှင့် ခေတ်ပြိုင်များ ဖြစ်ကြသည်။ သူတို့အကြောင်း စိတ်ဝင်စားစရာတွေ ဆရာထံတွင် တစ်ပုံကြီးရှိနေသည်။ စာရေးသူ အလွန်အားကျ ကြည်ညို သည့် ဆရာတင့်တယ်နှင့် ဆရာဦးညိုမြတို့၏ ငယ်နုစဉ်ဘဝ တောခဲ့ကြပုံ များ ပြန်ပြောင်းပြောပြစဉ် ဆရာ့မျက်နှာမှာ ကောလိပ်ကျောင်းသားအရွယ် ထိ ပြန်ငယ်သွားသည်။ သူတို့အကြောင်း ပြန်ပြောပြဖြစ်သည့်အခါတိုင်း "တော်တော်ဆိုးတဲ့ လူတွေဗျာ"ဟု ချစ်စနိုး နိဂုံးချုပ်လေ့ရှိသည်။

ဆရာနှင့် စကားဝိုင်းအဖွဲ့မိရာမှ စာရေးသူထံတွင် ရှိနေသည့် ၁၉၄၈ ခုနှစ်၊ ဒီဇင်ဘာလထုတ် ရှုမဝမဂ္ဂဇင်း၌ ဆရာရေးသားခဲ့သော "နှုတ်ခမ်းနီ လေးတို့၏အသည်းစွဲ တင့်တယ်" ကို ပြန်လည်ဖော်ပြရန် ရန်ကုန်သစ် မဂ္ဂဇင်း နှင့် ဆက်သွယ်စီစဉ်ဖြစ်ခဲ့သည်။ စာရေးသူအနေဖြင့် ဆရာတင့်တယ်သည် မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထုထည်ကြီး မားစွာ အထောက် အကူပြုခဲ့သည်ဟု မှတ်ယူထားသည်။

× × ×

mgyoe.com

mgyoe.com

"ဆရာ အဲဒီဝတ္ထုတွေကိုမှ ဘာဖြစ်လို့ အသုံးပြုခွင့်ပေးလိုက်ရတာတုံး၊ ဒဂုန်တာရာ ဘာလဲဆိုတာ လူတိုင်းသိနေပြီလို့များ ထင်နေသလား"

ဆရာ့ဝတ္ထုကိုနှစ်ပုဒ်ကို မဂ္ဂဇင်းအချို့က ပြန်လည်ဖော်ပြခြင်းနှင့် ပတ်သက်၍ စာရေးသူက မကျေမနပ်ပြောလိုက်ခြင်း ဖြစ်ပါသည်။ "လရောင်ရွှန်းမြသော ညတစ်ည" နှင့် "စိန်ပင်စိန်ပင် တကျိုက်ကျိုက်"။ "လရောင်ရွှန်းမြ" က ဆမ်းမားဆက်မွမ်၏ Up At The Villa ကို မှီးထားသည့် လျှို့ဝှက်သည်းဖိုဖြစ်ပြီး "စိန်ပင်စိန်ပင်" က ယမကာနှင့် ရမ္မက် အချိုးညီ ယစ်မူးပုံကို လှပစွာ ရောယှက်ထားခြင်း ဖြစ်သည်။

"အေးဗျာ အတော်စောစောက ကျွန်တော့်ဝတ္ထုတိုကလေးတွေ သုံးချင်တယ်လို့ လာပြောတာတော့ ရှိတယ်။ ဘယ်ဟာရယ်လို့ အတိအကျ မဟုတ်ဘူး။ အခု ကိုမောင်မောင်လှမြင့်ပြောမှ ဒီဝတ္ထုတွေဆိုတာ သိရတယ်" ဆရာ့မှာ မျက်လုံးဒုက္ခကြောင့် စာမဖတ်နိုင်။ မဲဇာနေရာကလည်း စာအုပ်ဆိုင်ကောင်းကောင်းမရှိ။ သင်းမြစန္ဒီအနေဖြင့်လည်း အလုပ်တစ်ဖက်နှင့်မို့ စာစုံအောင် တစ်ခုတ်တစ်ရ ရှာဖတ်ဖို့မလွယ်။ ဆရာ့ စာများအနက် လောလောဆယ် ကဗျာအနည်းငယ်နှင့် ဆောင်းပါးများကိုသာ တွေ့နေရပြီး၊ ဝတ္ထုတို အရေးအလွန်ကျဲနေပြီ ဖြစ်သည်။ ပရိသတ်အပေါ် ဩဇာအသက်ရောက်ဆုံးမှာ ဝတ္ထုဖြစ်ရာ ထိုဝတ္ထုတို နှစ်ပုဒ်လောက်သာ ဖတ်မိသူက ဒဂုန်တာရာဆိုတာ ဒီလိုစာမျိုးတွေရေးတဲ့ စာရေးဆရာပါလား ဟု ထင်သွားမှာစိုးသောကြောင့် ဖြစ်သည်။

ယင်းအဖြစ်ထက်ပို၍ ဆိုးသည်ကား ကိုယ့်အကြောင်း တိုက်ရိုက်ရေးထားသည်များကို ဆရာမသိရခြင်းပင် ဖြစ်သည်။ ဆရာအောင်လင်းနှင့် ဆက်နွယ်သည့် ဆောင်းပါးတစ်စောင်နှင့် ဆရာမကြီး ဂျာနယ်ကျော် မမလေး ကွယ်လွန်စဉ်က ရှုမဝမဂ္ဂဇင်းတွင် ဆရာသော်တာဆွေရေးခဲ့ သည့် ဆောင်းပါးဖြစ်သည်။ ဆရာအောင်လင်းနှင့် ပတ်သက်သည့် ဆောင်းပါးမှာ ဆရာအောင်လင်းက ဆရာဒဂုန်တာရာပေါ် မှားခဲ့သည်များကို တောင်းပန် သော်လည်း ဆရာတာရာက ပြန်ပြီးမတောင်းပန်ဟူသည့် ခပ်လည်လည် ဆောင်းပါးဖြစ်သည်။ ဆရာသော်တာဆွေ ဆောင်း ပါးအကြောင်း ပြောပြ သောအခါတွင်ကား "ဘာတွေ ရေးထားသလဲဗျ၊ ဟင် ဘာတွေရေးထား

mgyoe.com

mgyoe.com

သလဲ၊ သူ့ကိုတော့ လန့်လွန်းလို့"ဟု ထိတ်ထိတ်ပျာပျာ မေးသည်။ ဆရာနှင့် ဆရာသော်တာဆွေကား ကလောင် သူငယ်ချင်းဟု ဆိုနိုင်လောက်သည့် မနိုင်ရင်ကာ လူရင်းများဖြစ်သည်။ နောက်ပြီး ဆရာသော်တာဆွေကလည်း ကလောင် ခပ်ရမ်းရမ်း။ "ယမုံ နာဝါ" "ငနဲ့ချာချာ"ဟု ကာရံဖြင့် နောက်ခဲ့ဖူးသည်။

ဆရာ့မှာ မျက်စိကြောင့် စာမဖတ်နိုင်သလို ကလောင်ဖြင့်လည်း စာမရေးနိုင်တော့။ ကက်ဆက်ထဲအခွေထည့်ပြီး ရွတ်သည့်နည်းဖြင့် ရေးနေရခြင်းဖြစ်သည်။ နောက်မှ အခွေကိုပြန်ဖွင့်ပြီး သင်းမြစန္ဒီက လက်ဖြင့် လိုက်ကူးရသည်။ စာရေးသူသည် တစ်ခါတစ်ခါ ဝင်ကူပေးရသည်။ သင်းမြစန္ဒီ ကူးပြီးသားများကို ဆရာ့အားဖတ်ပြပြီး အကျအပေါက်ရှိပါက ပြင်ဆင်ဖြည့်စွက် ပေးရခြင်း ဖြစ်သည်။ ရန်ကုန်ဆင်းမည့်ရက်နှင့် နီးပါက ဆရာ့စာမူများကို ယူသွားပြီး မဂ္ဂဇင်းတိုက်များသို့ ပို့ပေးရသည်။ ပါပြီးသားများအတွက် စာမူခရလျှင်လည်း ယူလာပေးရသည်။

ထိုစဉ်က ဆရာမြသန်းတင့် စန္ဒာမဂ္ဂဇင်းကို ခေတ္တကိုင်ချိန်ဖြစ်သည်။ စာရေးသူ၏ ဝတ္ထုတိုအတွက် စာမူခသွားထုတ်စဉ် ဆရာမြက "ကို ဌေးမြိုင်ကို ပြောလိုက်ဗျာ၊ ကဗျာပေးပါလို့ ကဗျာပဲ လိုချင်တယ်လို့" ဟု စာမူတောင်းသည်။

စာရေးသူက ဆရာမြ၏ မှာကြားချက်ကို ဆရာ့အား ပြန်လည်ပြောပြသောအခါ "ကိုမြသန်းတင့်က ကျွန်တော့်ကို ကဗျာဆရာအဖြစ်ပဲ အသိအမှတ်ပြုတယ်ဆိုတဲ့လူဗျ"ဟု ပြုံးပြုံးလေး ပြန်ပြောပါသည်။

× × ×

ဆရာမြသန်းတင့်က ဆရာ၏ အနုပညာဖန်တီးမှုများအနက် ကဗျာသာ အထက်မြက်အထင်ရှားဆုံးဟု ဆိုလိုဟန်ရှိပါသည်။ ဆရာ့အဆို ကို မငြင်းလိုသော်လည်း ဆရာတာရာ၏ စကားပြေများသည်လည်း မြန်မာစာပေ၏ ရှေ့တန်းနေရာ၌ ရှိနေပါသည်။

စာရေးသူအနေဖြင့် ၁၉၆၀ ပြည့်လွန်ကာလက "မေ"နှင့် "အလင်္ကာ" ကို တစ်ပြိုင်နက် စတွေ့ရာ "မေ" ကို အရင် လှုပ်ခတ်ခံစားမိသည်။ သို့ရာတွင်

mgyoe.com

mgyoe.com


အခြားသူများလို ဝတ္ထုအစလေနအေးက တနွဲ့နွဲ့နှော့နေဆဲ ကို" ကို ဒါလောက်မစွဲ။ အဆုံးသတ် နိဂုံးချုပ် စာကြောင်းဖြစ်သည့် "အကောင်းကို ရှာ၏၊ အကောင်းကား မရှိတော့" ကို အစွဲကြီးစွဲမိသည်။ သည့်နောက်တွင်မှ တဟီကီသွားရအောင်" "ဥက္ကလာပ" ကဗျာများကို ကြိုက်လာသည်။ ဝတ္ထုတိုများ၌ "ရဲဘော်"၊ "သေနတ်သံ"၊ "ရာဇာဝင်ကို ဖြတ်သန်းခြင်း"၊ ဘာသာပြန်၌ "မှုံးယစ်ဝေသော နွေဦးညများ" ခရီးသွားဆောင်းပါးများ ဖြစ်သည့် "ယံစီ၊ ဗော်လဂါ၊ ဂင်္ဂါ" ယင်းတို့ အားလုံးမှာ စာရေးသူတို့ ခေတ်ပြိုင်စာသမားများ စံပြုအားထားရသည့် လက်ရာမွန်များဖြစ်သည်။ ဆရာသည် ကိုယ်တိုင်ဖန်တီးနိုင်အား ကောင်းရုံမျှမက ဖန်တီးနိုင်စွမ်း ရှိသူများကိုလည်း မွေးထုတ်မြေတောင်မြှောက်ပေးခဲ့သူ ဖြစ်သည်။ ကြည်အေး၊ ကျော်အောင်၊ မြသန်းတင့်၊ ထင်လင်း၊ မင်းဏီ စသည့် ထင်ရှားကျော်ကြား သည့် ကလောင်ကြီးများမှာ ဆရာ၏ "တာရာမဂ္ဂဇင်း" ထွက်များ ဖြစ်ကြ သည်။ ထို့ကြောင့်ပင် တစ်ချိန်က "စာပေသစ်၏ ဖခင်ကြီး"ဟု ကမ္ပည်းတင် ခဲ့ရသည် မဟုတ်ပါလား။

ထိုဖခင်ကြီး၌ အတိုက်အခံ ဆန့်ကျင်ဘက်တွေကလည်း များလှ ပါသည်။ စကားလုံးလော်လီဖောက်ပြန်သူ၊ ကလောင်နီ ဥက္ကဋ္ဌ၊ ဇန် ကောက်လုံချည်ဝတ် ကလောင်ပန်းရောင်၊ စာပေသစ် ခုံရုံးဝက်ခြံထဲမှ တရားခံ၊ ကဗျာလွန်အနမ်းမှ ရာဂုတ္တမ၊ ဟန်ဂေရီအရေးအခင်းတွင် တစ်ယောက်တည်းသင်းကွဲ၊ ထို့နောက် ဂုန်ယုန်ဂိုဏ်း စသည် စသည် ပေးအပ်ထားသည့် ဘွဲ့ထူးဂုဏ်ထူးတွေက များလှပါသည်။ တစ်ဖက် ပုဂ္ဂိုလ်တို့က အစူးရှဆုံး၊ အပြောင်မြောက်ဆုံး၊ အထိခိုက်ဆုံး စကားလုံး များကို သုံးစွဲကာ ဝိုင်း၍ အလဲထိုးကြခြင်း ဖြစ်သည်။ သို့ရာတွင် ဆရာက တော့ သူ့ထုံးစံအတိုင်း အပြုံးလျှလျှ။

စာရေးသူအနေဖြင့်လည်း ဆရာ၏ လွတ်လွတ်လပ်လပ် ကာရံ အယူအဆကို လုံးဝဥဿုံ လက်ခံသည်မဟုတ်ပါ။ ကာရံငဲ့၍ စာပေါ့သည်။ ပြောချင်တာ ပြော၍မရ၊ ဘောင်ကျဉ်းသည် ဆိုသည်များကို လက်ခံပါ သည်။ သို့ရာတွင် ပုံနှိပ်ခေတ်ရောက်လာသဖြင့် ရွတ်ဖတ်ရန် ကောင်းဖို့မလို ဆိုသည့်အပြောကိုတော့ သဘောမတူပါ။ (ကဗျာရွတ်ပွဲနှင့် မဆိုင်ပါ)

mgyoe.com

mgyoe.com


မြန်မာစာပေ၌ အကြောင်းအရာထိထိ ကာရံမိမိဖြင့် ပြည်သူတို့၏ ရင်ထဲ စွဲငြိနေသည့် ကဗျာပေါင်းများစွာရှိနေသည်မှာ အထင်အရှားဖြစ်ပါသည်။ ထို့ကြောင့်ပင်

"လွတ်လပ်ကာရံနဲ့ရေးတဲ့ ဆရာ့ကဗျာကောင်းတွေ အများကြီး ကျွန်တော်ကြိုက်ခဲ့ပါတယ်၊ ဒါပေမဲ့ နှုတ်မှာမစွဲလွယ်တဲ့အတွက် တခြားသူ တွေကို မျှဝေမခံစားစေနိုင်ဘူး၊ ဟောဒီကဗျာလေးကတော့ လွန်ခဲ့တဲ့ နှစ်ပေါင်း သုံးဆယ်လောက်ကရခဲ့တာ ဖြစ်ပေမဲ့ ခုချိန်ထိ ပါးစပ်ဖျားမှာ ရှိနေတုန်းပဲ"

ပြောပြောဆိုဆို ဆရာ့ကဗျာတစ်ပိုဒ်ကို ရွတ်ပြလိုက်ပါသည်။

"တစ်ခါသော်မေသက်ရင့်ရယ်က
မျက်မာန်တော် သုန်မှုန်ဝင့်ကာပ
'ရှင့်မှာအသည်းမရှိဘူး'ရယ်ဟု
ဆိုကျူးကာ မြွတ်ဖော်ပြောလေတော့
ဘာသဘော ဘာအကြောင်းလဲ
ကောင်းကောင်းဖြင့် မောင်နားမလည်"
(အသည်းငှားစမ်းပါမေ)

ဆရာက ခေါင်းကလေးစောင်းကာ ပြုံး၍နားစွင့်နေပါသည်။ ထိုစဉ် စာရေးသူက ရုတ်တရက် မေးခွန်းတစ်ခုထုတ်လိုက်ရာ ကွေးနေသော နှုတ်ခမ်းထောင့်ကလေးမှာ ဆတ်ခနဲ တွန့်ရပ်သွားပါသည်။

"ဆရာ အဲဒါဘယ်သူ့ကို ရေးတာလဲဟင်"

mgyoe.com

mgyoe.com

## အောင်ကျော် သို့မဟုတ် . . .

"ခင်ဗျားနဲ့ ကျွန်တော်က ခင်ဗျားသေရင် ကျွန်တော် ရေး၊ ကျွန်တော် သေရင် ခင်ဗျားရေးရမှာ . . ."

သူက အရက်ခွက်ကို တစ်ချက်မော့ပြီး ပြန်အချလိုက်၌ ပြောလိုက်ခြင်း ဖြစ်သည်။ ရှေ့တွင် အိုပီပုလင်းမှာ လည်ပင်းကျိုးခါစ။ ပလတ်စတစ် ရေကရား၊ အမြည်းပန်းကန်နှင့် ဆေးလိပ်ခွက်တို့ ဝန်းရံလျက်။ ရှောက်သီး ကုလားတယ် အမြည်းမှာ စာရေးသူ ဝယ်ခဲ့ခြင်း ဖြစ်သည်။ သူက ရောင်း နေသူ အမျိုးသမီးကြီးမှာ ပြဇာတ်မင်းသား လူငယ် ကြည်ခိုင်၏ အမေ ဆိုလား၊ အစ်မဆိုလား ပြောသဖြင့် အနုပညာ သံယောဇဉ်ဖြင့် ဝယ်ခဲ့ခြင်း ဖြစ်သည်။

သာကေတ အမှတ် (၂) ရပ်ကွက် အိမ်တစ်အိမ်၏ ခြေရင်းတွင် ကပ်ဆွယ်ထားသော အဖီကလေးအတွင်း၌ အမှောင်ရိပ်သန်းစ ပြုနေပေပြီ။ အလယ်ခန်း ဖျာကြမ်းအခင်းပေါ်၌ ကျွန်တော်တို့ ဝိုင်းဖွဲ့နေသည်ကို သူ့ဇနီး အဝင်းနှင့် သမီးကလေးသုံးယောက်က မလှမ်းမကမ်းမှ ကြည့်နေကြသည်။ ဤသည်ကား ခေါက်ရိုးကျိုးနေပြီ ဖြစ်သည့် သူတို့၏ ပုံစံပင်။ သည့်အရင် အခြားရပ်ကွက်တစ်ခုတွင် နေတုန်းက တစ်ခေါက်ရောက်ဖူးသဖြင့်

mgyoe.com

mgyoe.com

သိထားပြီးဖြစ်သည်။ သူ့ဇနီး မခင်ဝင်းက ရိုးရိုးအေးအေး၊ သမီးလေးတွေကလည်း မအေတူ။ သူကသာ . . .။

"ဩော် . . . ဝင်းမောင် . . . ဝင်းမောင်၊ သိပ်နှမြောဖို့ကောင်းတယ်"

သူက အနီးရှိ ပန်းချီပုံကားတစ်ချပ်ကို ဆွဲယူကြည့်ရင်း ပြောလိုက်သည်။ ကာတွန်းဝင်းမောင်နှင့် ပတ်သက်သည့် သရုပ်ဖော်ပုံတစ်ခု။ ထိုစဉ်က ကာတွန်းနှင့် ရုပ်ပြလောကတွင် အအောင်မြင်ဆုံး၊ အထင်ရှားဆုံးဖြစ်သည့် ကာတွန်းဝင်းမောင်သည် ငယ်ငယ်ရွယ်ရွယ်နှင့် ကွယ်လွန်သွားခဲ့သည်။ စာပေလောကသားများက ဝင်းမောင်အကြောင်း အမှတ်တရနှင့် ဝမ်းနည်းခြင်းမှတ်တမ်းများ ဝိုင်း၍ ရေးကြသည်။ သူ စာတည်း ချုပ်လုပ်သည့် မိုးဝေမဂ္ဂဇင်းတွင်လည်း ဖော်ပြခဲ့သည်။

"အနေအထိုင် အစားအသောက်ပေါ့ဗျာ။ ခင်ဗျားလည်း ဒီပုံအတိုင်းဆက်သွားရင် မလွယ်ဘူး"

ထိုအခါ သူက ရှည်လျားသော မေးအထက်မှ နှုတ်ခမ်းပါးပါးကို တအားမဲ့လိုက်ကာ စာရေးသူ၏ ဖန်ခွက်ထဲသို့ အရက်ထပ်ငှဲ့ပေးသည်။ အရက်ဝိုင်း၌ အရက်သောက်တာ မကောင်းကြောင်းမပြောနှင့် ဆိုသည့်သဘော။ တစ်ခါက သူ့ပါးစပ်မှ ဒီအတိုင်း ထုတ်ပြောဖူးသည်။ သို့ရာတွင် သူနှင့် အေးအေးဆေးဆေး စကားပြောဖို့ဆိုသည်မှာလည်း အရက်ဆိုင်မှာသာ ရှိသည်။

သူနှင့် လွတ်လွတ်လပ်လပ် မဆုံရသည်မှာ အတော်ပင် ကြာပေပြီ။ သူစာတည်းချုပ်ဘဝ ရောက်သွားကတည်းကဟု ဆိုရမည်။ ထိုစဉ် မိုးဝေစာပေမဂ္ဂဇင်းမှာ အရှိန်အဟုန် တက်ကောင်းဆဲ။ နာမည်ကျော် စာရေးဆရာ၊ စာရေးဆရာမကြီးများနှင့် လူငယ်လူလတ် စာရေးဆရာ များ၏ လက်ရာစုံ စုဝေးရာ။ ကိုအောင်မော်၊ ကိုညိုသစ်တို့က သူ့ကို ဝိုင်းကူကြသည်။ နောင်တွင် စုပါစတား စာရေးဆရာ ဖြစ်လာမည့် ကိုမြင့်မောင်မောင်က "မျက်နှာစိမ်း မျက်လုံးစိမ်း အသည်းစိမ်း" အခန်းဆက်ဝတ္ထုရှည်ဖြင့် လှမ်းဝင်ရန် ခြေလှမ်းပြင်စ။

ထိုညကတော့ သူ့အိမ်တွင် လိုက်အိပ်ရန် မရမက ခေါ်သည်။ မိုးဝေ တိုက်တည်ရာ ၃၉ လမ်း၊ အမှတ် ၁၈၀ မှ ထွက်သောအခါ လေးဘီး

mgyoe.com

mgyoe.com
တစ်စင်းကို ငှားသည်။ ထိုကာလ ငွေတစ်ဆယ်၏ တန်ဖိုးမှာ မနည်း။ စာရေးသူက အတန်တန်တားသော်လည်း မရ။ ကိုယ့်လူကတော့ အရင်ပုံစံ မဟုတ်တော့ဘူး ဆိုသည်ကို သတိထားလိုက်မိသည်။

အချိန်ကား ၁၉၇၅ ခု ကုန်လုခါနီး။

× × ×

သူနှင့် စတင်သိကျွမ်းရသည်မှာ စာရေးသူ၏ ပထမဦးဆုံး စာမူ မိုးဝေမဂ္ဂဇင်းတွင် အဖော်ပြခံရချိန်မှဖြစ်သည်။ ရှမ်းပြည်အရှေ့ပိုင်း ရွှေတြိဂံ ဒေသတွင် တာဝန်ကျစဉ် ကြုံခဲ့ရသည့် ရှမ်းပွဲကလေးတစ်ခုအကြောင်း ရေးထားခြင်းဖြစ်သည်။ နယ်ကလောင်သစ်တို့ ထုံးစံအတိုင်း စာမူပို့ပြီး သိပ်မျှော်လင့်ချက်မထားဘဲ မေ့မေ့လျော့လျော့ပင် နေလိုက်သည်။ သို့ရာတွင် လကုန်ရက်ထိုင်း စာအုပ်ဆိုင်သို့သွားပြီး ကောင်းနိုးရာရာ မဂ္ဂဇင်းတစ်အုပ် တော့ ဝယ်နေကျ။ ဤတွင် မိမိပေးပို့ထားသည့် "အရှေ့ရှမ်းတို့၏ တန်းထန်းသဘင်"ဆောင်းပါး မိုးဝေ၌ ပါလာသည် ကို တွေ့လိုက်ရသည်။ ပထမဦးဆုံးစာမူ စ,ပါလာသည့် မိုးဝေမှာလည်း တကယ့် မှတ်မှတ်ရရပင်။ ၁၉၇၂ ခု၊ ဒီဇင်ဘာလနှင့် ၁၉၇၃ ခုနှစ်၊ ဇန်နဝါရီလ နှစ်လ ပေါင်းထုတ် သည့် အမှတ် (၅၉–၆၀)။ လိပ်စာက အမှတ် ၁၃၊ ၁၀၇ လမ်း၊ မင်္ဂလာ တောင်ညွန့်။

ရန်ကုန်ကို သိပ်မကျွမ်းကျင်သဖြင့် မဂ္ဂဇင်းတိုက်တည်ရာကို မနည်း ရှာရသည်။ ပုံနှိပ်တိုက် အလုပ်သမားကလေးက ညွှန်ပြသဖြင့် စားပွဲ တစ်လုံးတွင်ထိုင်နေသည့် သူ့ထံ လျှောက်သွားသည်။ အဝတ်အစားက နွမ်းဖတ်ဖတ်၊ ကိုယ်ဟန် ခပ်ပါးပါး၊ မျက်နှာက ထူးထူးခြားခြား ရှည်သည်။ မေးစေ့က အသိသာဆုံး။ ထိုမျက်နှာအထက်တွင် ဘယ်လိုမှ မလိုက်ဖက် သည့် အောင်ကျော်ဆံတောက်အတို ညှပ်ထားသည်။ အသက် လေးဆယ် ကျော်ပုံ မရသေးသော်လည်း တစ်ခေါင်းလုံး ဖွေးဖွေးဖြူနေပေပြီ။

"ကျွန်တော် အောင်ကျော်ပါ . . ."

အကျိုးအကြောင်း ပြောပြသောအခါ သူ ဘယ်သူဘယ်ဝါဖြစ်ကြောင်း မိတ်ဆက်သည်။ ထိုစဉ်က မိုးဝေစာတည်းအဖွဲ့မှာ နတ်နွယ်၊ အောင်ကျော်၊

mgyoe.com

mgyoe.com


အောင်ကျော်မင်း။ မကြာမီ ဦးအောင်ကျော်မင်း ရောက်လာသည်။ ကိုနတ်နွယ်က သုံးနာရီလောက်မှ လာတတ်ကြောင်း သိရ သည်။ စာရေးသူမှာ အလုပ်တာဝန်နှင့်မို့ ညမအိပ်နိုင်။ ထို့ကြောင့် သူတို့နှင့်ပင် တွေ့ပြီး ပြန်ခဲ့သည်။ ကိုအောင်ကျော်က လက်ဆောင် မဂ္ဂဇင်းတစ်အုပ် ပေးလိုက်သည်။ စာမူခ ကိစ္စကား ဘာမှ မပြော။ စာရေးသူလည်း မမေး။

ပထမဦးဆုံးစာမူ တစ်ခါတည်း အဖော်ပြခံရသဖြင့် စာရေးသူ အားတက်သွားသည်။ သို့နှင့်နောက်ထပ် ဆောင်းပါးတစ်စောင် ထပ်ပို့ရာ ထပ်အဖော်ပြခံရပြန်သည်။ ဤတွင် မိုးဝေတိုက်သို့ မကြာခဏ ရောက်ဖြစ်လာသည်။ စာတည်းချုပ် အစ်ကိုနတ်နွယ်နှင့်လည်း စကားပြောဖြစ်သည်။ စာရေးသူက ဝတ္ထုတို ရေးချင်ကြောင်းပြောရာ ကိုနတ်နွယ်က "ဝတ္ထုတို ရေးချင်ရင် ဝတ္ထုတိုတွေ များများဖတ်ပေါ့" ဟု လမ်းညွှန်သည်။ လောလောဆယ် အရေးများသည့် မှောင်ခိုဇာတ်လမ်းများကိုတော့ လိုက်မရေးသင့်ကြောင်း အကြံပြုသည်။

တတိယမြောက်ဆောင်းပါး အပယ်ခံရသောအခါ စာရေးသူ ဝတ္ထုတိုများ အားစိုက်ပြီး ရေးပို့သည်။ ကလောင်သစ်တစ်ဦးအနေဖြင့် တစ်နှစ်တည်း လေးပုဒ်ဆက်တိုက် အဖော်ပြခံရဖို့ ဆိုသည်မှာ လုံးဝ မမျှော်မှန်းရဲသော ကိစ္စ ဖြစ်သည်။ ထို့ကြောင့် စာရေးသူ စာပေလောကသို့ ခြေချနိုင်သည်မှာ အစ်ကိုနတ်နွယ်၏ ကျေးဇူးပင်။ သူ မြေတောင် မြှောက်ပေးခဲ့၍သာ ဖြစ်သည်။

ထိုနှစ်မှာ ၁၉၇၄ ခု။ မိုးဝေတိုက်က ၃၃ လမ်း၊ တိုက်ခန်းအမှတ် ၁၅၈၊ လိပ်စာသစ်တွင်။

× × ×

ယခုတစ်ဖန် ၃၉ လမ်းသို့ ပြောင်းလာရပြန်သည်။ စာတည်းချုပ်ကလည်း အောင်ကျော် ဖြစ်သွားသည်။ သူ့လက်ထက်ရောက်ခါမှ စာရေးသူ၏ စာမူကို နှစ်ကုန်ခါနီးသည့်တိုင် မဖတ်ဖြစ်သေး။ ထိုညတွင်မှ သတိတရမေးသဖြင့် တစ်ပုဒ်ပေးထားကြောင်း ပြောပြရသည်။ တကယ်တော့ သူနှင့် စာရေးသူ၏ဆက်ဆံရေးမှာ ပုဂ္ဂိုလ်ရေး သံယောဇဉ်ဘက်ပို၍ အလေးသာသည်။ နှစ်ယောက်သား၏ ဇာတိနယ်ချင်းမှာ သိပ်မဝေး။

mgyoe.com

mgyoe.com


ကျင်လည်ရသည့် ငယ်ဘဝကလည်း ဆင်သည်။ ဧရာဝတီ မြစ်ကမ်းနံဘေး ကိုင်းကျွန်းလုပ်စားသူ မိဘများက မွေးဖွားခဲ့သည်။ အရေးအဖတ်ကို ရွာဦးဘုန်းတော်ကြီးထံမှ စတင်သင်ကြားရသည်။ လွတ်လပ်ရေးရပြီးစ မတည်ငြိမ်သည့် ကာလကို သက်စွန့်ဆံဖျား ဖြတ်သန်းခဲ့ရသည်။ နောက် မြို့တွင် ကျောင်းနေပြီး သည်နယ်ပယ်၌ လာတွေ့ ကြခြင်း ဖြစ်သည်။

ထို့ကြောင့် နှစ်ယောက်သားဆုံဖြစ်လျှင် စာအကြောင်း ပေအကြောင်း သိပ်မပြောဖြစ်။ ကွဲကွာနေသည့် ညီအစ်ကိုနှစ်ဦး ပြန်တွေ့သည့်ပမာ သောက်ဖြစ် စားဖြစ်သည်က များသည်။ သူကလည်း အလုပ်အားသည် နှင့် သောက်ဖို့ဘက်သာ စိတ်ရောက်နေသူဖြစ်ရာ အရက်ဆိုင်များတွင်သာ အချိန်ကုန်တော့သည်။ ၅၂ လမ်း၊ ၄၈ လမ်း၊ ပဲခူးကလပ်မှ သည် ကြည့်မြင်တိုင်ကမ်းနားဈေး မီးခွက်မှုန်မှုန်နှင့် လမ်းဘေးဆိုင် ကလေးများထိ အနံ့ပင်။ မှတ်မိပါသေးသည်။ ၅၂ လမ်းဆိုင်၌ ယခုအခါ တောကျေးလက် တွင် အခြေအနေထိုင်လျက်ရှိသည့် ကဗျာဆရာကြီးလည်း ပါသည်။ တစ်ဖက်ဝိုင်း၌ ဘယ်လိုက ဘယ်လိုဖြစ်သည် မသိ၊ ထိုင်ခုံပုများ လွင့်မြောက် ပျံဝဲလာသဖြင့် သည်းထိတ်ရင်ဖို ရသကို ခံစားလိုက်ရသေးသည်။

သူနှင့်တွေ့တိုင်း အရက်ချည်း သောက်နေရသဖြင့် ဦးလေးတင့်ဆန်း ကတောင် ပြောဖူးသည်။

“မောင်မောင်လှမြင့်၊ မင်းက စာပေနယ်ကို ခုမှ ဝင်လာပေမဲ့ နာမည်ကတော့ အတော်ကြီးနေပြီ”

စာရေးသူက သူ့စကားအလာကို ရိပ်စားမိသဖြင့်

“အရက်သောက်တဲ့နေရာမှာလား ဆရာ”

ထိုအခါ ဦးလေးတင့်ဆန်းက ပြုံးဖြီးဖြီးနှင့်–

“အေး–ဟုတ်တယ်၊ အောင်ကျော်ကြီးကတောင် မင်းကို မနိုင်ဘူးတဲ့။ နောက်ပြီး မင်းတို့နဲ့အတူ သောက်ဖူးတဲ့ အခြားတစ်ယောက်၊ နှစ်ယောက် ကလည်း ဒီအတိုင်း ပြောတယ်”

ထိုအခါ ဦးလေးဆင်ဖြူကျွန်းအောင်သိန်းက သူ့ဘက်က ဝင်၍ ထောက်ခံသည်။

“ဟုတ်ပါ့ဗျား၊ ငါလည်း ဒီအတိုင်းကြားနေရတယ်”

mgyoe.com

mgyoe.com

သူတို့မှာ စာရေးသူ၏ ဆက်သွယ်မှု၊ ကိုအောင်ကျော်၏ စိစဉ်မှုတို့ဖြင့် ဥက္ကံမြို့ စာပေဟောပြောပွဲသို့ ရောက်နေကြခြင်း ဖြစ်သည်။ ဦးလေး ကိုညိုဝင်းနှင့် ကျီးသဲ ညွန့်နိုင်တို့လည်း ပါသည်။ ဦးလေး ကိုညိုဝင်းမှာ သူ၏ "မှောင်လွန်းသောညများ" လုံးချင်းဖြင့် အမျိုးသားစာပေ ဝတ္ထုရှည် ပထမဆုရပြီးစ။

တကယ်တော့ စာရေးသူမှာ အရက်ကို စွဲစွဲလမ်းလမ်း ကြိုက်သူ မဟုတ်။ လူမှုဆက်ဆံရေးသဘောလောက် တစ်ခါတစ်ရံ သောက်သူသာ ဖြစ်သည်။ သို့ရာတွင် အသက်က သူ့အောက် ခုနစ်နှစ်ငယ်သည်။ အစား အသောက် အနေအထိုင် သူ့ထက်မှန်သည်။ နောက်ပြီး အရက်ကို ရှောင်လွှဲ ဖို့ရာ ဘယ်လိုမှ မလွယ်ကူသည့် ရွှေတြိဂံဒေသမှ ပြန်ရောက်စ ဖြစ်သည်။ ထို့ကြောင့် သူ့ထက်ပို၍ ခံနိုင်ရည်ရှိခြင်း ဖြစ်ပါသည်။

ကိုအောင်ကျော်ထံမှ စာအကြောင်းပေအကြောင်း လုံးဝမကြားရ သည်တော့ မဟုတ်။ သူဖြတ်သန်းကျင်လည်ခဲ့ရသည့် အတွေ့အကြုံများကို မကြာခဏ ပြောပြတတ်သည်။ သူ၏ ပထဦးဆုံး ကလောင်အမည်က "တက်သစ်ကျွန်း ခင်အေး"...။ သူဆည်းကပ်ကိုးကွယ်ခဲ့သည့် အာစရိယ များကား ဆရာမိုးဝေနှင့် ဆရာ တက္ကသိုလ်နန္ဒမိတ်။ သူ့ကို ဆရာမိုးဝေ၏ လက်ရင်းတပည့်ကြီးအဖြစ် အားလုံးက အသိအမှတ်ပြုထားကြသည်။ သူ၏ ရှည်လျားသော မေးနှင့် မသိမသာ ကျယ်သော ပါးစပ်ကြောင့် "တာတေကြီး"ဟု ချစ်စနိုး ခေါ်ကြသည်။ ဆရာမိုးဝေ၏ လက်ကတုံး တောင်ဝှေး ကိုယ်ရံတော် အစောင့်ကြီးဟုလည်း အမိပ္ပာယ်ပေါက်သည်။ အမှန်လည်း သူ့ဆရာ မိုးဝေ ကွယ်လွန်သည့်အထိ အနီးကပ် ပြုစုသွားခဲ့ သည်။ သူအိမ်ထောင်ကျသည်မှာ ဘာမှ မကြာသေး။ အသက်က လေးဆယ်နား ချဉ်းနေပြီဖြစ်သည်။

ကိုအောင်ကျော်မှာ လူပုဂ္ဂိုလ်သံယောဇဉ်ဘက်ကို အတော် အလေး ထားသူ ဖြစ်သည်။ မိုးဝေသို့ ကိုသန်းနိုင်(အောင်မော်)ကို ခေါ်ခါစ၌ စာရေးသူကို ပြောဖူးသည်။ "ကျွန်တော်က အောင်မော်ကို အောင်မော် အနေနဲ့ မြင်တာမဟုတ်ဘူး။ ဆရာမင်းဆွေ(ဓား)ရဲ့ သားအနေနဲ့မြင် တာ . . ."။ ထို့အတူ နောက်မကြာမီ ကိုသန်းအုန်း ရောက်လာတော့

mgyoe.com

လည်း ကိုသန်းအုန်း၏ ဖခင်ဆရာ မြို့မအုန်းကို လေးစားကြည်ညို၍ဟု ဆိုသည်။ ထိုကာလ မိုးဝေမှာ တကယ့်စာပေမျိုးဆက် ရင်သွေးများ စုစည်းရာဌာန ဖြစ်နေသည်။ ဆရာမိုးဝေ၏သမီး စန်းစန်းဝေကလည်း ဝန်ထမ်းအလုပ်မှ ပင်စင်ယူကာ တိုက်တွင် လာထိုင်နေပြီ ဖြစ်သည်။

ဆရာ ဗန်းမော်တင်အောင် မိုးဝေတွင် ရေးဖို့ကိစ္စလည်း သူပင် ပြောခြင်း ဖြစ်သည်။ ထိုစဉ်မှာ ဆရာက အပြင်သို့ ပြန်ရောက်စ။ လူကအတော်ကျသွားကာ သွားတွေကလည်း ကျိုးနေသည်။ အနော်ရထာလမ်းအတိုင်း နှစ်ယောက်အတူ လျှောက်လာစဉ် ၃၄ လမ်းထိပ်၌ သွားတွေ့ခြင်း ဖြစ်သည်။ သူက "ကိုတင်အောင် မိုးဝေမှာ ရေးပါ"ဟု ပြောသည်။ စာရေးသူနှင့်လည်း မိတ်ဆက်ပေးသည်။ ဆရာက သူ့ပုံစံအတိုင်း ကိုယ်ကလေးယို့ကာ "ဟုတ်ကဲ့၊ ဟုတ်ကဲ့"လုပ်နေသဖြင့် စာရေးသူမှာ အတော် အနေရခက်သွားသေးသည်။

မကြာမီ ဆရာဗန်းမော်၏ ဝတ္ထုတိုကလေးများကို မိုးဝေတွင် စဖတ်ကြရသည်။ ထိုအချိန်ကာလ စာပေနယ်တွင် ထိပ်သီးဟုဆိုရမည့် ဆရာကြီးတို့၏ လက်ရာစုံကို မိုးဝေတွင် တွေ့ရသည်။ ဆရာသိန်းဖေမြင့်၊ ဆရာဒဂုန်တာရာ၊ ဆရာသခင်မြသန်း၊ ဆရာ ထင်လင်း၊ ဆရာ ပါရဂူ . . . ။ ယနေ့ လူငယ်စာပေသမားများ အာသာပြင်းပြစွာ ဖတ်ချင် နေကြသည့် ဗညားသီဟ၏ "စာပေစစ်တမ်း"၊ ဒဂုန်တာရာ၏ "ပန်းနုရောင် နှစ်ကာလများ"တို့မှာ ထိုစဉ်က မိုးဝေတွင် စတင်ပါရှိခဲ့ခြင်း ဖြစ်သည်။

ဘာပြောပြော ကိုအောင်ကျော်ကိုင်ခဲ့သည့် မိုးဝေမှာ စာပေအဆင့်တစ်ခုသို့ ရောက်ရှိခဲ့သည်ကတော့ အထင်အရှား ဖြစ်သည်။ ဤအချက်ကို မည်သူမျှ မငြင်းနိုင်။ သူ့၌ အယ်ဒီတာကောင်းတို့၏ အမြင်ရှိကြောင်းတွေ့ရသည်။ မိုးဝေ 'လ' တစ်ရာပြည့် ထုတ်စဉ်စာရေးသူ ပထမပေးသောစာမူကို စာရေးဆရာ၏ ပင်ကိုဟန် မပေါ်လွင်ဟု ပယ်ခဲ့ဖူးသည်။ သူဆုံးဖြတ်သည်မှာ အမှန်ပင်။ သို့ရာတွင် သူ့အယ်ဒီ တာချုပ်သက်တမ်းမှာ သိပ်မကြာလိုက်။ မိုးဝေ ၃၉ လမ်းမှ ၄၆ လမ်း ထိပ်သို့အပြောင်း၊ ၁၉၇၆ ခုနှစ် နှောင်းပိုင်းလောက်တွင် သူမိုးဝေမှ ထွက်သွားရသည်။ ကိုအောင်မော်

mgyoe.com

mgyoe.com

က စာတည်းချုပ်တာဝန်ယူပြီး ညိုသစ်၊ သန်းအုန်း၊ စန်းစန်းဝေတို့နှင့် ဆက်လက်လှုပ်ရှားခဲ့ကြသည်။

× × ×

မိုးဝေမှာ နေရပ်လိပ်စာ အပြောင်းအရွှေ့အများဆုံး မဂ္ဂဇင်းဟုပင် ဆိုကြသည်။ စာရေးသူမိသမျှပင်လျှင် ပထမ ၁၀၇ လမ်း၊ နောက် ၃၃ လမ်း၊ နောက် ၃၉ လမ်း၊ နောက် ၄၆ လမ်းထိပ်။ ကိုအောင်မော်တို့ လက်ထက်၌ ၃၄ လမ်းသို့ ထပ်ပြောင်းသေးသည်။ နေရပ်လိပ်စာ အပြောင်းအလဲများသလို စာတည်းချုပ် အပြောင်းအလဲကလည်း များလှသည်။ ကိုနတ်နွယ်မှ ကိုအောင်ကျော်၊ ကိုအောင်ကျော်မှ ကိုသန်းနိုင် (အောင်မော်)။ ဤတွင် မရပ်သေး။

သူတို့သုံးဦးအကြား အပြောင်းအလဲများနှင့် ပတ်သက်၍ အမျိုးမျိုး ကြားနေရသည်။ သူကတော့ ဘာမျှ မပြော။ စာရေးသူကလည်း မမေး။ ဘယ်သူက ဘာကြောင့်ဆိုသည်ကို မသိလို။ သိနေလျှင် စိတ်ဆင်းရဲရဦးမည်။ ကိုအောင်ကျော်ဘက်က အခြေအနေမကောင်းမည်ကတော့ သေချာသည်။ ကိုယ့်လူမှာက "အရက်" ဆိုသည့် အလွန်ကြီးမားသည့် အားနည်းချက်က ရှိနေသည်။ မိုးဝေက ထွက်ရသော်လည်း သူ့အခြေအနေက သိပ်မဆိုးသေး။ သာကေတ၌ အိမ်တစ်လုံးဝယ်ဖြစ်ထားသည်ဟု သိရသည်။ ၃၆ လမ်းမှ စာအုပ်တိုက်တစ်တိုက်၌ ဝင်လုပ်နေသည်။

ထိုကာလလောက်မှာပင် အနုပညာကိစ္စတစ်ခုအတွက် အကူအညီ ပေးခဲ့သေးသည်။ တိုက်ကြီးမြို့နယ်အတွင်း ဘုန်းတော်ကြီးကျောင်း တစ်ကျောင်း၌ မန္တလေးဆရာခြုံ၏ လက်ရာပန်းချီကား အတော်များများ ကို စာရေးသူ အမှတ်မထင် သွားတွေ့သည်။ စာပေဗိမာန်မှထုတ်သည့် "ပန်းချီတော် ဆရာခြုံ" အတ္ထုပ္ပတ္တိစာအုပ်ထဲ၌ပင် လေးငါးကားလောက်သာ ဖော်ပြနိုင်သည်။ စာရေးသူ တွေ့ထားသည်က ၂၈ ကားတောင်။ တကယ့် ရှေးဟောင်း အနုပညာရတနာသိုက်ကြီး ဖြစ်နေသည်။ သို့ရာတွင် စာရေးသူအနေဖြင့် ဆရာခြုံ၏ လက်ရာအစစ် ဟုတ်၊ မဟုတ် အတည်ပြုနိုင်စွမ်းမရှိ။ ထို့ကြောင့် ပန်းချီဘက်တွင် ကျွမ်းဝင်နှံ့စပ်သည့် ဆရာပေါ်သစ်

mgyoe.com